# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၄) ရက် ၊ ကြာသပတေးနေ့ ၊ (9-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၁၁၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံရှင်းလင်းဆောင်တွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ်အတွင်း လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်အရ

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

**အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့ပြောကြားသည့် အဖွင့်အမှာစကား**

စာမျက်နှာ - ၁၉




ရတနာပုံ
၂၀၁၂ ခုနှစ် မတ် ၉ ရက်

အယ်ဒီတာ့အာဘော်

# မြို့ပြအင်္ဂါရပ်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးမှု

ယခုအချိန်တွင် မြို့ပြရပ်ရွာဒေသအသီးသီးကို တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း တွေ့ရသည်။ တည်ငြိမ်အေးချမ်းမှုသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အခြေခံကျပြီး လူ့အဖွဲ့အစည်းအတွင်း နေထိုင်ရှင်သန်ကြသူများအားလုံးက လိုလားသောအကြောင်းအရာတစ်ခုလည်းဖြစ်သည်။

ကျေးလက်ဒေသများ၏ ဦးတည်ရှေးရှုရာနှင့် ဈေးကွက်ဖော်ဆောင်ရာမှာ မြို့ပြများဖြစ်ပြီး မြို့ပြများ၏ ဦးတည်ရှေးရှုရာနှင့် ဈေးကွက်ဖြန့်ကြက်ရာမှာ နိုင်ငံ၏ဒေသအသီးသီးဖြစ်သည်။ ယခုအခါတွင် MSME လုပ်ငန်းများကို မြို့ပြတွင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အားပေးမြှင့်တင်လျက်ရှိနေကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရသည်။ MSME လုပ်ငန်းများ၏ သဘောသဘာဝအရ မိမိတို့ ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ရရှိသောကုန်ကြမ်းများကိုအသုံးပြုကာ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ပြီး ဈေးကွက်လိုအပ်ချက်နှင့် ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်ရရှိလာနိုင်မည်ဖြစ်ကာ တစ်ဦးချင်း ဝင်ငွေတိုးတက်မှုကိုလည်း ရရှိစေနိုင်မည်ဖြစ်သည်။

ကျေးလက်ဒေသများမှထွက်ရှိသော ကုန်ကြမ်းများသည် မြို့ပြစက်ရုံအလုပ်ရုံများသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ကုန်ပစ္စည်းများအဖြစ် နိုင်ငံဒေသအသီးသီးရှိ ဈေးကွက်များသို့ရောက်ရှိလျက် စားသုံးသူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး လုပ်ငန်းအောင်မြင်ဖြစ်ထွန်းမှုအလိုက် နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။

ထိုသို့သောအခြေအနေကောင်းများကို ရှင်သန်အသက်ဝင်နိုင်စေရန်နှင့် လွယ်ကူချောမွေ့စေရန်အတွက် လမ်း၊ တံတားများဖောက်လုပ်ခြင်း၊ အလုပ်ရုံစက်ရုံများတည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်၊ ဆိုလာလျှပ်စစ်တို့ပံ့ပိုးခြင်း၊ မတည်ရင်းနှီးငွေအပါအဝင် ဝန်ဆောင်မှုများကိုလည်း နိုင်ငံတော်မှ ဆောင်ရွက်ပံ့ပိုးပေးနေသည်ကို အထင်အရှားတွေ့နေရသည်။

ကျေးလက်ဒေသ၏ အင်္ဂါရပ်မှာ ကောက်ပဲသီးနှံ၊ စိုက်ခင်း၊ လယ်ခင်း၊ ယာခင်းများဖြစ်သလို မြို့ပြ၏ အင်္ဂါရပ်မှာ အလုပ်ရုံ၊စက်ရုံနှင့် ရှောပင်းမောများ၊ ပလာဇာများ၊ ဈေးများဖြစ်သည်။ မြို့ပြအင်္ဂါရပ်တွင် အပါအဝင်ဖြစ်သော အလုပ်ရုံ၊စက်ရုံများမှာ လုပ်ငန်းလည်ပတ်မှုများ ကောင်းမွန်နေရန်နှင့် ထုတ်လုပ်ရရှိလာသောကုန်ပစ္စည်းများကို ရှောပင်းမောများ၊ ပလာဇာများ၊ ဈေးများမှ ဈေးကွက်တွင်ကျယ်စွာဖြန့်ချိနိုင်ရန်လိုအပ်ပေသည်။ ထိုသို့လည်ပတ်၍ ထုတ်လုပ်ဖြန့်ချိနိုင်ရန်၊ ရောင်းဝယ်ဖောက်ကားနိုင်ရန်ဆောင်ရွက်ခြင်းက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းလည်းဖြစ်သည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် လူတိုင်းကိုယ်စီကိုယ်င တစ်ဦးချင်းဝင်ငွေတိုးတက်မှုရှိရန်လိုအပ်သလို တစ်ဦးချင်းဝင်ငွေ တိုးတက်မှုရှိရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ဖန်တီးပေးနိုင်ရန် လိုအပ်ပေသည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိရန်အတွက် ဘက်စုံပညာရေးကဏ္ဍကို ဖော်ဆောင်မြှင့်တင်ပေးနေသည်ကိုလည်း တွေ့ရသည်။

သို့ဖြစ်ပေရာ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ မြို့ပြအင်္ဂါရပ်များပြည့်စုံမှု၊ ကောင်းမွန်သော ရောင်းဝယ်ဖောက်ကားမှု၊ ထုတ်လုပ်ဖြန့်ချိမှုများဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးကာ နိုင်ငံသာယာဝပြောအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးအန္တရာယ်ဖြစ်စေသည့် လုပ်ငန်းများကို စစ်ဆေးမှုများဆောင်ရွက်နေ



**မန္တလေး မတ် ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များရှိ မီးဘေးအန္တရာယ်ဖြစ်စေသည့် လုပ်ငန်းများကို မတ်လပထမပတ်မှစ၍ စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးဖြစ်စေသည့် လုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်း၍ စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း၊ စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကပိုင်စက်ရုံအလုပ်ရုံများ၊ ပြည်သူလူထု၏ နေအိမ်များနှင့် မီးဘေးဖြစ်စေသည့် လုပ်ငန်းများဖြစ်သော စက်သုံးဆီဆိုင်များ၊ ဂက်(စ်)ဆိုင်များကို သက်ဆိုင်ရာ အရန်မီးသတ်တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

"တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုနဲ့ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်လာပါက ပြည်သူလူထုကို အချိန်နဲ့တစ်ပြေးညီ ကာကွယ်စောင့်ရှောက်ဖို့အတွက် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေပါတယ်။ မီးငြိမ်းသတ်ရေးနဲ့သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ မီးသတ်ဦးစီးဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မီးလောင်မှုအကြိမ်ရေ လျှော့ချနိုင်မှာပါ။ မီးလောင်ဆုံးရှုံးမှုတွေကို လျှော့ချနိုင်မှာပါ။ ဒါကြောင့် မီးဘေးအန္တရာယ်ကင်းရှင်းစေဖို့ စစ်ဆေးမှုတွေ ဆောင်ရွက်နေသလို အသိပညာပေးတဲ့လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဦးဇော်ဝင်းထွန်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ်တွင် မီးလောင်မှု ၁၉၄ ကြိမ်ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၃၆၂ လုံး၊ ဂိုဒေါင်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး၊ မီးလောင်ဆုံးရှုံးမှု တန်ဖိုးအနေဖြင့် ငွေကျပ် ၂၇၉ ဒသမ ၀၅၆ သန်းဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ မီးလောင်မှုဖြစ်စဉ်များတွင် ပေါ့ဆမီးကြောင့် ဖြစ်ပွားမှု အကြိမ်ရေအများဆုံးဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ဂေါဝိန်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား များပြားလာ

**မန္တလေး မတ် ၈**

မန္တလေး ဂေါဝိန်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

ယခုလက်ရှိတွင် ဂေါဝိန်ဆိပ်ကမ်းမှ ခရမ်းချဉ်သီး၊ ဆန်၊ ပဲ၊ ပြောင်း အပါအဝင် အခြားကုန်စည်အမျိုးမျိုးကို ကသာ၊ ထီးချိုင့်၊ ရွှေကူနှင့် ဗန်းမော်စသည့်မြို့ကြီးများသို့ တင်ပို့လျက်ရှိကြောင်း၊ မန္တလေး ဆိပ်ကမ်းများဖြစ်သည့် ချော်ဆိပ်ကမ်း၊ ရွှေကြက်ယက်ဆိပ်ကမ်းနှင့် မရမ်းခြံဆိပ်ကမ်းတို့ထက် ဂေါဝိန်ဆိပ်ကမ်းမှာ ယခုလတ်တလော ကုန်စည်ရရှိမှု များပြားနေသဖြင့် ကုန်တင်၊ ကုန်ချလုပ်သားအများအပြားလုပ်ကိုင်နေရကြောင်း သိရသည်။

"ဂေါဝိန်ဆိပ်ကမ်းကနေ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စတဲ့မြို့တွေကို ဆန်၊ ဆီတင်ပို့မှုကတော့ အများဆုံးပါ။ အခုက ရေဝတီမြစ်ရေ နည်းချိန်ဖြစ်ပေမဲ့ ရေလမ်းကြောင်း ကောင်းမွန်နေတာကြောင့် ဂေါဝိန်ဆိပ်ကမ်းကနေ အခြားမြို့တွေကို ကုန်စည်တင်ပို့တဲ့သင်္ဘောတွေသွားရလာရအဆင်ပြေနေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြသည်။

ဂေါဝိန်ဆိပ်ကမ်းတွင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ကုန်စည်ရရှိမှုအနေဖြင့် တစ်ရက်လျှင် ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀ ခန့်သာရှိခဲ့သော်လည်း ယခုလက်ရှိတွင် တစ်ရက်လျှင် ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀ ကျော်ထိ ရရှိလာခဲ့ကြောင်း၊ ယခင်က တစ်ရက်လျှင် ၁၀ ပိဿာဝင် ဆီပုံးရေ ၄၀၀ ကျော်သာရရှိခဲ့သော်လည်း ယခုလက်ရှိ တစ်ရက်လျှင် ၁၀ ပိဿာဝင် ဆီပုံးရေ ၆၀၀ ကျော်ထိရှိလာကြောင်း၊ ထို့ပြင် အခြားအဝတ်အထည်နှင့် လူသုံးကုန်၊ အလှကုန်ပစ္စည်းများလည်း များပြားလာကြောင်း သိရသည်။

ထို့ပြင် ဂေါဝိန်ဆိပ်ကမ်းတွင် ကုန်တင်၊ ကုန်ချလုပ်သားမှာလည်း ဖေဖော်ဝါရီလနောက်ဆုံးပတ်က လုပ်သားဦးရေ ၁၂၀ ကျော်သာရှိခဲ့သော်လည်း ယခုလက်ရှိ ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၃၀၀ ကျော်ထိရှိလာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိ

**မန္တလေး မတ် ၈**

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ရှေ့ဦးဘက်မှ ထွက်ရှိသည့် ပဲပုပ်(ဗမာ) များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း၊ ပဲပုပ်(ဗမာ)များကို ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရှေ့ဦးဘက်ကထွက်တဲ့ ပဲပုပ်ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ပြည်ပကတော့ ပြည်တွင်းကထွက်ရှိတဲ့ ပဲပုပ်ကို မှာယူမှုအနည်းငယ်လောက်ပဲ ရှိပါတယ်။ ပြည်တွင်းကုန်သည်တွေ ဝယ်ယူမှုများလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပဲပုပ်(ဗမာ) ဈေးနှုန်းမှာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ခန့်သာရှိခဲ့သော်လည်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မတ် ၇ ရက်က ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ပဲပုပ်(ရှမ်း) အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်တည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကံမမြို့နယ် အုတ်ရှစ်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကံမ မတ် ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာသုံးစွဲနိုင်စေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၆ သန်းဖြင့် အုတ်ရှစ်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အုတ်ရှစ်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

အုတ်ရှစ်ကုန်းကျေးရွာ၌အကျယ်လေးလက်မ၊ အနက် ပေ ၅၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၆ သန်းအသုံးပြု၍ စွမ်းထက်ပြည့်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ် ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် အုတ်ရှစ်ကုန်းကျေးရွာရှိ အိမ်ခြေ ၁၀၆ အိမ်၊ လူ ၄၀၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် နွေကာလ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညို**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စီစီတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ ဦးရိုင်းဝဏ္ဏ-ဒေါ်နန်းစမ်းယုံ မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ စီမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၁၈၉၄၄ ဦး လာရောက်လည်ပတ်ခဲ့



**ပုသိမ် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၁၈၉၄၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၁၈၉၄၄ ဦး လာရောက်လည်ပတ်ခဲ့ပြီး ဇန်နဝါရီလက ပြည်တွင်း၊ ပြည်ပခရီးသွား ၁၆၆၄၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ရွှေသောင်ယံ ကမ်းခြေကို ဖေဖော်ဝါရီလအတွင်း လာရောက်အပန်းဖြေသူတွေများခဲ့ပြီး စနေနဲ့ တနင်္ဂနွေနေ့တွေမှာ အများဆုံးလာရောက်လည်ပတ်ကြပါတယ်။ ဒီနှစ်မှာ ဧရာဝတီတိုင်းဒေသကြီးထဲက ကမ်းခြေတွေကို ပြည်ပခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်နေတာ ပြန်တွေ့ရပါတယ်။ လာမဲ့သင်္ကြန်ကာလမှာ ကမ်းခြေတွေကို ခရီးသွားတွေ အရင်ထက် နှစ်ဆလောက်ပိုပြီးလာဖို့ရှိမယ်လို့ မျှော်လင့်ထားပါတယ်။ ဒါကြောင့် ကမ်းခြေကဟိုတယ်တွေနဲ့ အခြားကမ်းခြေလုပ်ငန်းတွေကို ပိုမိုပြင်ဆင်နေတာတွေ့ရပါတယ်" ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေသို့ ဖေဖော်ဝါရီလအတွင်း လာရောက်လည်ပတ်ခဲ့သည့် ပြည်တွင်း၊ ပြည်ပခရီးသွား ၁၈၉၄၄ ဦးတွင် ပြည်ပခရီးသွား ၂၀၄ ဦးပါဝင်ကြောင်း၊ အဆိုပါကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်အပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေစုစုပေါင်း ၂၀ ကျော်ဖြင့် ခရီးသွားများကို ဝန်ဆောင်မှုပေးနေကြောင်း ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် သုံးအိမ်စုကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ပဲခူး မတ် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် သုံးအိမ်စုကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သုံးအိမ်စုကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

သုံးအိမ်စုကျေးရွာ၌ လမ်းအရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၀၀၊ ပြည်သူများက လုပ်အားထည့်ဝင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက သုံးအိမ်စုကျေးရွာရှိ အိမ်ခြေ ၂၁၇ အိမ်၊ လူ ၅၉၁ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၍ သိရသည်။

**သုတ**

# မြစ်သားမြို့နယ် မြစ်ဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**မြစ်သား မတ် ၈**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို မတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်အိအိသော်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ စီမံကိန်းရန်ပုံငွေကျပ် ၅၄၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစ်ဆုံကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၃၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၂ ဦးကို ငွေကျပ် ၁၈၂ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၁၂၇ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



# မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်း

ပိုလ်ရှိတ်(ရတနာပူရ)

"မြစ်နားလေးထပ်ကျောင်းကို ဖွဲ့ဆိုသော လေးထပ်ကျောင်းတည်သမိုင်းကို "မင်းရဲကျော်စွာတိဝိသုတော၊ ဓမ္မရာဇသ ကဏိဌော"စသော ဂါထာအဦးထားလျက် ရှင်ကရဝိက စပ်ဆိုစီရင်သည်။ ရှင်ကရဝိကဟူသည် ကား သာလွန်မင်းတရားလက်ထက် တက်ထွန်းလျှံဝါချီ မော်ကွန်းသုံးပိုဒ်ဆက်၍ "ဖြူရိပ်ဖြန့်လွှား၊ လူ့ဘုရား လျှင်၊ လေးပါးတန်ခိုး၊ နေ့တိုင်းတိုးလျက်"ဟု ရှင်ဘုရင်ကို လူ့ဘုရားဟု ထောမနာသောစာဆိုရှင် ကရဝိကပင် တည်း။ ၎င်းမော်ကွန်း သုံးပိုဒ်ကို ထန်းရွက်ညွန့်ရှည်နှင့် ရေး၍ဆက်သည်။ ရွှေကျည်တောက်နှင့်သွတ်၍ ခေါင်းရင်းတော်တွင် အမြဲထားသည်ဟု စာဟောင်းရှိသည်"

အထက်ပါ စာပိုဒ်သည် မောင်းထောင်သာသနာပိုင်ဆရာတော် လူထွက်မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်းတွင် ဖော်ပြထားသော မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းအကြောင်းပင်ဖြစ်သည်။ လေးထပ်ကျောင်းတည်မော်ကွန်းမှာ လေးလုံးစပ်လင်္ကာဖြင့် ဖွဲ့ဆိုထားသော မော်ကွန်းတစ်စောင်ဖြစ်သော်လည်း မဟာဓမ္မသင်္ကြံက လေးထပ်ကျောင်းတည်သမိုင်းဟု မှတ်တမ်းတင်ထားသည်မှာ သတိပြုစရာပင်ဖြစ်သည်။ လေးထပ်ကျောင်းတော်တည်သည့်သမိုင်းကြောင်းကို ဖွဲ့ဆိုထားသောကြောင့် မဟာဓမ္မသင်္ကြံက သမိုင်းဟူ၍ အမည်တပ်ခေါ်ခဲ့ဟန်တူသည်။

လေးထပ်ကျောင်းတည်မော်ကွန်းသည် တိမ်မြုပ်နေသော မော်ကွန်းတစ်စောင်ဖြစ်သည်။ ပုံနှိပ်မူဘဝသို့ မရောက်သေးပေ။ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ၏ အထက်ပါအမှတ်အသားကိုတွေ့ရကတည်းက လေးထပ်ကျောင်းတည်မော်ကွန်းကို ကြည့်ရှုလေ့လာချင်ချိန်ဖြစ်ပေါ်ခဲ့သည်။ သို့သော် မော်ကွန်းစာကိုယ်ကို ရှာမတွေ့ရသောကြောင့် မလေ့လာခဲ့ရပေ။

**ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)၏ဆောင်းပါး**

ဆရာကြီးဆန်းထွန်း(မန်းတက္ကသိုလ်)သည် ၁၉၈၉ ခုနှစ် ဇူလိုင်လထုတ် အတွေးအမြင်၌ "ရှင်ကရဝိက" ဟူသော အမည်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။ ရှင်ကရဝိကဖွဲ့ဆိုသည့် လေးထပ်ကျောင်းတည်မော်ကွန်းအကြောင်း ရေးဖွဲ့ထားသည်။ ထိုဆောင်းပါးတွင် ဆရာကြီးက "ရှင်ကရဝိကအကြောင်းကို လေ့လာစရာအချက်အလက်၊ အကြောင်းအရာမှတ်တမ်းမှတ်စု ရှားလာသည်။ ထို့ထက်ပို၍ရှားသည်ကား လေးထပ်ကျောင်းတည်မော်ကွန်းကို မျက်ဝါးထင်ထင်မြင်ဖူးသူ၊ မြင်ရပြီးနောက် စေ့စေ့ငုငုနှုနှုပါအောင် လေ့လာဖူးသူပင်ဖြစ်ပေလိမ့်မည်"ဟူ၍ ရေးသားထားသည်။ ဆရာကြီး၏ဆောင်းပါးကို ဖတ်ပြီး လေးထပ်ကျောင်းတည်မော်ကွန်းကို ပို၍လေ့လာချင်မိသည်။ သို့သော် မော်ကွန်းမှာ ပုံမနှိပ်ရသေးသဖြင့် လေ့လာရန်မလွယ်ခဲ့ပါ။ ဆရာကြီးရေးခဲ့သလို မျက်ဝါးထင်ထင် မြင်ဖူးဖို့နေနေသာသာ ထိုမော်ကွန်းဘယ်မှာရှိမှန်းပင် မသိခဲ့ပေ။ မျက်ဝါးထင်ထင် မမြင်ဖူးသောကြောင့် စေ့စေ့ငုငု နှုနှုပါအောင် လေ့လာရန်လုံးဝမဖြစ်နိုင်ပေ။

**မြန်မာစာညွန့်ပေါင်းကျမ်း**

မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းကို မြန်မာစာညွန့်ပေါင်းကျမ်းခုနစ်တွဲတွင် ဆက်လက်ရှာဖွေခဲ့သည်။ ၁၉၉၂ ခုနှစ် ဇွန်လတွင် ထုတ်ဝေခဲ့သော မြန်မာစာညွန့်ပေါင်းကျမ်း ပဥ္စမတွဲတွင် ပထမရှင်ကရဝိက၏ မင်းရဲကျော်စွာလေးထပ်ကျောင်းတည်မော်ကွန်းကိုတွေ့ရသည်။ သို့သော် အပြည့်အစုံမဟုတ်ပါ။ ကောက်နုတ်ချက်ကိုသာတွေ့ရသည်။ ပိုဒ်ရေ ၁၂ ပိုဒ်တိတိ ကောက်နုတ်ဖော်ပြထားသည်။ မော်ကွန်းပိုဒ်ရေ သုံးမှ ပိုဒ်ရေ ၁၄ ထိ ကောက်နုတ်ဖော်ပြထားသည်။ မော်ကွန်းတစ်စောင်လုံးမဟုတ်သော်လည်း မော်ကွန်းပိုဒ်ရေ ၁၂ ပိုဒ်ကို မြန်မာစာညွန့်ပေါင်းကျမ်း၏ ကျေးဇူးကြောင့် လေ့လာခွင့်ရခဲ့သည်။

**မြန်စာဂုဏ်မြမြသန်း၏မော်ကွန်းသမိုင်း**

ဆရာမကြီး မြန်စာဂုဏ်မြမြသန်းသည် မဟာဝိဇ္ဇာဘွဲ့ယူရန်အတွက် ၁၉၆၀ ပြည့်နှစ်က မော်ကွန်းသမိုင်းကိုပြုစုခဲ့သည်။ ထိုကျမ်းဖြင့် မဟာဝိဇ္ဇာဘွဲ့ရခဲ့သည်။ ခေတ်အဆက်ဆက်ထွက်ပေါ်ခဲ့သော မော်ကွန်းများ၏ အကြောင်းကို သနီသနဲဖော်ထုတ်ရေးသားထားသည့် ကျမ်းကြီးဖြစ်သည်။ လက်နှိပ်စက်မူဖြင့် စာမျက်နှာ ၅၁၉ မျက်နှာရှိသည်။ ထိုကျမ်းတွင် ဆရာမကြီးသည် ရှားပါး၍ တိမ်မြုပ်နေသော မော်ကွန်း ၁၃ စောင် စာကိုယ်အပြည့်အစုံကို နောက်ဆက်တွဲတွင် ဖော်ပြထားသည်။ နောက်ဆက်တွဲအဖြစ်ဖော်ပြထားသော မော်ကွန်း ၁၃ စောင်တွင် ကျွန်တော်တွေ့ချင်၊ လေ့လာချင်နေသော မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းကို တွေ့ရသည်။ ဆရာမကြီး၏ကျေးဇူးကြောင့် ထိုမော်ကွန်းကို ပြည့်ပြည့်စုံစုံလေ့လာခွင့်ရခဲ့သည်။ ဆရာမကြီးသာ ထိုကဲ့သို့နောက်ဆက်တွဲတွင် ဖော်ပြထားခြင်းမရှိပါက သမိုင်းတန်ဖိုးကြီးမားလှသော မော်ကွန်းတစ်စောင်တိမ်မြုပ်ပျောက်ကွယ်သွားမည်မှာ သေချာပေသည်။ ဆရာမကြီး၏ကျေးဇူးကား ကြီးမားလှ၏။ မြန်မာစာညွန့်ပေါင်းကျမ်းတွင် ဖော်ပြထားသော လေးထပ်ကျောင်းတည်မော်ကွန်း ၁၂ ပိုဒ်သည် ဆရာမကြီး မြန်စာဂုဏ်မြမြသန်း၏ မော်ကွန်းသမိုင်းမှ ကူးယူဖော်ပြထားခြင်းဖြစ်သည်။ ဆရာမကြီး၏ မော်ကွန်းသမိုင်းစာအုပ်မှ လေးထပ်ကျောင်းတည်မော်ကွန်းကို ကျွန်တော်လေ့လာနိုင်ရန် ကူးယူပေးပို့ပေးသော ရန်ကုန်မြို့မှ ညီငယ်ဇွန်ကိုဦးကိုလည်း ကျေးဇူးတင်ရပေသည်။

**မင်းရဲကျော်စွာလေးထပ်ကျောင်းတည်မော်ကွန်း**

ဆရာမကြီး မြန်စာဂုဏ်မြမြသန်း၏ စုဆောင်းခဲ့မှုကြောင့် မင်းရဲကျော်စွာလေးထပ်ကျောင်းတည်မော်ကွန်းကို မျက်ဝါးထင်ထင်၊ စေ့စေ့ငုငု နှုနှုပါအောင် လေ့လာခွင့်ရခဲ့ပေသည်။ မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းသည် ပိုဒ်ရေ ၆၁ ပိုဒ်ပါရှိသည်။ ပါဠိဂါထာငါးပုဒ်ပါသည်။ ထိုဂါထာငါးပုဒ်သည် ကျောင်းတည်နေ့စွဲ၊ ရက်စွဲများကို ရေးထားခြင်းဖြစ်သည်။ မော်ကွန်းမှာ အခန်းလေးခန်းခွဲ၍ ဖွဲ့ဆိုထားသည်။ ထိုအခန်းလေးခန်းမှာ ကျောင်းတည်ပထမခန်း၊ ကျောင်းတက်ဒုတိယခန်း၊ သံပေါက်တတိယခန်း၊ နိဂုံးစတုတ္ထခန်းဟူ၍ ဖြစ်သည်။ မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းဟု အမည်ပေးရခြင်းမှာ တည်ဆောက်လှူဒါန်းခဲ့သည့် ကျောင်းဒါယကာ မင်းရဲကျော်စွာကိုအစွဲပြုပြီး အမည်ပေးခဲ့ခြင်းဖြစ်သည်။ မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းများသည် လေးထပ်ကျောင်းအကြောင်းကို ပထမဆုံးရေးဖွဲ့ထားသည့် မော်ကွန်းတစ်စောင်ဖြစ်သည်။ ထို့ထက်ပို၍ ဆိုပြားမူ ဘုန်းတော်ကြီးကျောင်းကိုဖွဲ့ဆိုသောမော်ကွန်းများတွင် အစောဆုံးမော်ကွန်းဟုလည်း ဆိုနိုင်သည်။

ဤသို့ဆိုလျှင် စာဒကပုဂ္ဂိုလ်များက ပထမအင်းဝခေတ်က ရှင်မဟာရဋ္ဌသာရ၏ ဝတ်ရုံကျောင်းဘွဲ့မော်ကွန်းမရှိဘူးလားဟု မေးစရာရှိသည်။ ထိုမော်ကွန်းသည် မော်ကွန်းမည်ကာမျှသာဖြစ်သည်။ ပိုဒ်ရေ သုံးပိုဒ်သာပါသည်။ ဝတ်ရုံကျောင်းဘွဲ့မော်ကွန်းဟု ခေါ်ခြင်းထက် ဝတ်ရုံကျောင်းဘွဲ့ရတုဟု ခေါ်ခြင်းကပို၍ သင့်သည်။ ထို့ကြောင့် လေးထပ်ကျောင်းတော်အကြောင်းကို ပိုဒ်ရေအများဆုံးနှင့် တခမ်းတနားဖွဲ့ဆိုသော မော်ကွန်းများတွင် မင်းရဲကျော်စွာလေးထပ်ကျောင်းတည်မော်ကွန်းသည် အစောဆုံးဟုဆိုရခြင်းဖြစ်သည်။

**လေးထပ်ကျောင်းဟူသည်**

ဤနေရာတွင် လေးထပ်ကျောင်းဟူသော စကားကို ရှင်းရန်လိုသည်။ ယခုခေတ်တွင် လေးထပ်ကျောင်း၏ ပုံစံကိုနားမလည်သူ များလေသည်။ တချို့က လေးထပ်ကျောင်းဆိုသည်မှာ ယခုခေတ်တိုက်တာအဆောက်အအုံများကဲ့သို့ အထပ်လေးထပ်ပါသည်ဟု ထင်နေကြသည်။ အင်းဝမြို့တွင် လေးထပ်ကြီးကျောင်းဟုခေါ်နေကြသည့် ရှေးဟောင်းအဆောက်အအုံကြီးရှိသည်။ အင်းဝသို့ လာရောက်သူတိုင်းက ထိုအဆောက်အအုံကြီးကိုကြည့်ပြီး အထပ်လေးထပ်ပြည့်မပြည့်ရေတွက်ကြသည်။ "နှစ်ထပ်ပဲရှိတာ၊ ဘာလို့လေးထပ်ခေါ်ကြတာလဲ။ လေးထပ်လဲ မပြည့်ဘူး" စသည်ဖြင့် ပြောကြသည်။ လေးထပ်ကျောင်း ဟုတ်၊ မဟုတ်လဲ ကျွန်တော့်ကိုမေးကြသည်။ ထိုသို့ ဖြစ်ရခြင်းမှာ လေးထပ်ကျောင်း၏ပုံစံကို နားမလည်ကြခြင်းကြောင့်ဖြစ်သည်။

အမှန်က ရှေးအခါက လေးထပ်ကျောင်းဟူသည် ယခုခေတ်ကဲ့သို့ ဘုန်းတော်ကြီးသီတင်းသုံးရန် အထပ်လေးထပ်ပါသည် မဟုတ်ပေ။ တစ်ထပ်သာပါသည်။ လေးထပ်ဟူသည်မှာ အမိုးဘုံလေးဆင့်ကိုဆိုခြင်းသာဖြစ်သည်။ ရှေးက မြန်မာမှုပုံစံကျောင်းတော်များတွင် အမိုးဘုံအဆင့်ဆင့်ကိုကြည့်၍ ခွဲခြားခေါ်ဆိုကြသည်။ အမိုးနှစ်ထပ်၊ လည်ပေါ်တစ်ထပ်ကို ထားဝယ်ဆောင်ဟုခေါ်သည်။ အမိုးသုံးထပ်၊ လည်ပေါ်နှစ်ထပ်ကို ဇေတဝန်ဆောင်ဟုခေါ်သည်။ အမိုးလေးထပ်၊ လည်ပေါ်သုံးထပ်ကိုဇေတဝန်ကြီးဟုခေါ်သည်။ ထိုဇေတဝန်ကြီးကို လေးထပ်ကျောင်းဟုခေါ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် လေးထပ်ကျောင်းဟူသည် အမိုးဘုံလေးဆင့်၊ လေးထပ်ပါသော ကျောင်းကိုခေါ်ခြင်းသာဖြစ်သည်။ မင်းရဲကျော်စွာတည်ဆောက်လှူဒါန်းသော ကျောင်းတော်ကြီးသည် အမိုးဘုံလေးဆင့်ပါသောကြောင့် လေးထပ်ကျောင်းဟု ခေါ်ခြင်းဖြစ်ပေသည်။

**ကျောင်းဒါယကာမင်းရဲကျော်စွာ**

လေးထပ်ကျောင်းတော်ကြီးကို တည်ဆောက်လှူဒါန်းခဲ့သော မင်းရဲကျော်စွာသည် ရတနာပူရအင်းဝ ဒုတိယမြို့တည်နန်းတည် ညောင်ရမ်းမင်းတရားကြီး၏ သားတော်အငယ်ဆုံးဖြစ်သည်။ ညောင်ရမ်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး ခင်ဘုန်းမြင့်တို့က မွေးဖွားခဲ့ခြင်းဖြစ်သည်။ မင်းရဲကျော်စွာသည် ညောင်ရမ်းခေတ်တွင် ထင်ရှားလှသည့် မင်းများဖြစ်သော အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတို့၏ညီတော်ဖြစ်သည်။

❖ မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းသည် ပိုဒ်ရေ ၆၁ ပိုဒ်ပါရှိသည်။ ပါဠိဂါထာငါးပုဒ်ပါသည်။ ထိုဂါထာငါးပုဒ်သည် ကျောင်းတည်နေ့စွဲ၊ ရက်စွဲများကို ရေးထားခြင်းဖြစ်သည်။ မော်ကွန်းမှာ အခန်းလေးခန်းခွဲ၍ ဖွဲ့ဆိုထားသည်။ ထိုအခန်းလေးခန်းမှာ ကျောင်းတည်ပထမခန်း၊ ကျောင်းတက်ဒုတိယခန်း၊ သံပေါက်တတိယခန်း၊ နိဂုံးစတုတ္ထခန်းဟူ၍ ဖြစ်သည်။ မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းဟု အမည်ပေးရခြင်းမှာ တည်ဆောက်လှူဒါန်းခဲ့သည့် ကျောင်းဒါယကာ မင်းရဲကျော်စွာကို အစွဲပြုပြီး အမည်ပေးခဲ့ခြင်းဖြစ်သည်။ ❖

မင်းရဲကျော်စွာ၏မွေးချင်းများမှာ အနောက်ဘက်လွန်မင်း၊ သာလွန်မင်း၊ အတုလစန္ဒာဒေဝီ၊ မင်းရဲကျော်စွာတို့ဖြစ်သည်။

မင်းရဲကျော်စွာ၏ငယ်မည်မှာ သခင်ဖြူဖြစ်သည်။ ခမည်းတော်ညောင်ရမ်းမင်းတရားကြီးလက်ထက်တွင် စကုမြို့ကိုစားရသည်။ နောက်တွင် မင်းရဲကျော်စွာဟူသော အမည်ဖြင့်ထင်ရှားသည်။ မင်းရဲကျော်စွာသည် စစ်ရေးစစ်ရာတွင် ထင်ရှားသောမင်းသားတစ်ပါးဖြစ်သည်။ ခမည်းတော်ညောင်ရမ်းမင်းတရားကြီး လက်ထက်မှ အနောက်ဘက်လွန်မင်းတရား၊ သာလွန်မင်းတရားတို့ လက်ထက်ထိ စစ်ရေး၊ တိုက်ခိုက်ရေးများတွင် ဦးဆောင်ထမ်းရွက်ရသူဖြစ်သည်။ နောင်တော်သာလွန်မင်းလက်ထက်တွင် အိမ်ရှေ့နေရသည်။ မင်းရဲကျော်စွာသည် နောင်တော်သာလွန်မင်းလက်ထက် သက္ကရာဇ် ၁၀၀၉ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့(၁၆၄၇ ခုနှစ် ဇူလိုင် ၁၈ ရက်)တွင် နတ်ရွာစံသည်။ မင်းရဲကျော်စွာနတ်ရွာစံသည့်အကြောင်းကို "အိမ်ရှေ့မင်းလွန်တော်မူရာ သင်္ဂြိုဟ်သောစာတမ်း" ဟူ၍ ပေတစ်စောင်တစ်ဖွဲ့ရှိသည်။ မင်းရဲကျော်စွာ နတ်ရွာစံစဉ်က ၅၆ နှစ်ရှိပြီဟုဆိုသောကြောင့် ၁၀၀၉ ခုနှစ်မှ ၅၆ ကိုနုတ်လျှင် မင်းရဲကျော်စွာသည်သက္ကရာဇ် ၉၅၃ ခုနှစ်ဖွားဖြစ်ကြောင်း သိရသည်။

**ကျောင်းတော်ဘွဲ့ ကောက်နုတ်ချက်**

ပထမရှင်ကရဝိကသည် မင်းရဲကျော်စွာ၏ လေးထပ်ကျောင်းတော်ကြီးကို မြတ်စွာဘုရားရှင်လက်ထက်က ဇေတဝန်ကျောင်းတော်ကြီးနှင့်ပမာတူကြောင်း တင်စား၍ ဖွဲ့ဆိုထားသည်။ မြတ်စွာဘုရားရှင်လက်ထက်က အနာထပိဏ်သူဌေးကြီးတည်ဆောက်လှူဒါန်းခဲ့သော ဇေတဝန်ကျောင်းတော်ကြီးကို စာပေကျမ်းဂန်များတွင်သာ ကြားဖူး၊ ဖတ်ဖူးခဲ့ကြသည်။ မမြင်ဖူးခဲ့ကြပေ။ ထိုကဲ့သို့ ဇေတဝန်ကျောင်းတော်ကြီးကို မမြင်လိုက်ရသော်လည်း ယခုလေးထပ်ကျောင်းတော်ကြီးသည် ဇေတဝန်ကျောင်းတော်ကြီးကို ထင်ရှားမြင်ရသကဲ့သို့ပင်ဖြစ်ကြောင်းကို-

အစွန်းရာထောင်၊ ကျော်ခေါင်နိမိတ်၊
တိတ်လည်းကောင်းစွာ၊
ထိုအခါတည့်၊ ရတနာဗိမာန်၊ ဇေတဝန်ကို၊
ကျမ်းဂန်စကား၊
နားကားကြား၏၊ မျက်ဝါးထင်ထင်၊ မမြင်လိုက်ကြ၊
သည်ပင်ပြသို့၊ နာဂဆင်သင့်၊ မြောက်မြင့်စားခြေ၊
ပရမေသီရိ၊ ဘုန်းရှိနေရာ၊ အသာအမြင့်၊
လေးဆင့်ဘုံထပ်၊ တပ်သည့်စုလစ်၊
ကျစ်လျစ်တင့်တယ်၊
အကျယ်အဝင်း၊ သန့်သန့်ရှင်း၍၊
ကြော့တင်းချော့မွေ့၊
ပျဉ်တော့စေ့စပ်၊ မပျပ်မစောင်း၊ ရွှေတောင်သို့ထင်၊
ဝေးနီးမြင်သည်။ ။ကောင်းကင်ပျံလုဘနန်းတည်း။

ဟူ၍ ရေးဖွဲ့ထားသည်။

မင်းရဲကျော်စွာ လေးထပ်ကျောင်းတည်မော်ကွန်းကို ရေးဖွဲ့ပြီးသည့်နှစ်မှာ သက္ကရာဇ် ၉၈၄ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် သောကြာနေ့(၁၆၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်)ဖြစ်သည်။ ဤမော်ကွန်းသည် မြန်မာစာပေ တစ်ရပ်အနေဖြင့်သာ တန်ဖိုးရှိသည် မဟုတ်ပေ။ ညောင်ရမ်းခေတ်ဦးပိုင်းက တည်ဆောက်ကြသော လေးထပ်ကျောင်းတော်ကြီးများ၏ပုံစံကို လေ့လာနိုင်သော ဗိသုကာဆိုင်ရာကျမ်းတစ်ကျမ်းအနေဖြင့်လည်း တန်ဖိုးရှိပေသည်။ ညောင်ရမ်းခေတ်ဦး လေးထပ်ကျောင်းတော်၏ အဆင်တန်ဆာများ၊ တည်ဆောက်မှုစနစ်များ၊ ကျောင်းရေစက်ချ မင်္ဂလာပွဲများကို ခေတ်ပြိုင် မှတ်တမ်းတစ်ခုအနေဖြင့် တန်ဖိုးကြီးသော မော်ကွန်းတစ်စောင်ဖြစ်သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဤမော်ကွန်းသည် အများသူငါ လေ့လာနိုင်ခြင်းမရှိဘဲ လက်နှိပ်စက်မူဖြင့် တိမ်မြုပ်နေခြင်းဖြစ်သည်။ ဤမော်ကွန်းကို အလွယ်တကူလေ့လာ၍ရအောင် ပုံနှိပ်ထုတ်ဝေသင့်ပေသည်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၅၆၅၀၀ စိုက်ပျိုးမည်

**ရွှေဘို မတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းဧက ၅၆၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်းဧက ၅၆၅၀၀ ကို မတ်လ စတုတ္ထပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ နွေနှမ်းစိုက်ပျိုးရန် လျာထားချက်အနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၁၁၀၀၀၊ ဝက်လက်မြို့နယ်တွင် ဧက ၄၅၀၀၀၊ ခင်ဦးမြို့နယ်တွင် ဧက ၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း နွေနှမ်းဧက ငါးသောင်းကျော် စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိ နွေနှမ်းစိုက်ပျိုးဖို့ တောင်သူတွေ ပြင်ဆင်နေကြပါတယ်။ ဒါ့ပြင် နွေနှမ်းအထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးတို့အတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်အတွင်း ဆောင်းနှမ်း ၉၆၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

## ချောက်မြို့နယ် သံဘို(မ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ချောက် မတ် ၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သံဘိုကျေးရွာအုပ်စု သံဘို(မ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို မတ် ၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက တင်ဒါအောင်မြင်သည့် စွမ်းထက်ပြည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ သံဘို(မ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ချောက်မြို့နယ် သံဘို(မ)ကျေးရွာ၌ ရေရရှိရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် အရှည် ၆၃၆၂ ပေရှိ အိမ်သွယ်ရေတိုင်စနစ် ဆောင်ရွက်ခြင်း လုပ်ငန်းများကို နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၂၁ ဒသမ ၉၄ သန်းဖြင့် စွမ်းထက်ပြည့်ကုမ္ပဏီက ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် သံဘို (မ)ကျေးရွာရှိ အိမ်ခြေ ၁၂၉ အိမ်၊ လူ ၅၈၄ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေး၊ အချိန်အခါမရွေးဖူလုံစွာရရှိနိုင်ပြီဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။

**နွဲ့ယဉ်**

## ပညာတန်ဖိုး မြတ်နိုးကြိုးစားလျှင်

\- ငယ်စဉ်ကာလ ဆုံးမနာယူ
ဆရာမိဘ သင်ပြအဆူဆူ
ကောင်းဆိုးမတူ ဉာဏ်ကူခွဲခြား
သုံးချခါခါ အဖြာဖြာ
ပညာစွမ်းအား ကြီးမားသည်တည့်လေး။

\- အမှန်အမှား သိထားနားလည်
ကြီးစဉ်ခါလည်း စွဲမြဲပညာကြွယ်
သုတစုံဖွယ် သင်လွယ်သတိ
စာပေဖတ်ရှု မမေ့သာ
မှတ်ပါအသိ ရမိကယ်နှင့်လေး။

\- ဦးနှောက်ထဲထိ ရောက်ရှိပညာ
ရှာထားသုတ ပြည့်ဝမထင်ပါ
အစဉ်မြဲသာ လေ့လာဆည်းပူး
ပန်းကုံးသဖွယ် သီကာသွယ်
ခင်တွယ်ဆွတ်ခူး ပွင့်ဖူးငယ်နှင့်လေး။

\- ပညာတွေထူး ချီးကျူးအပ်စွာ
ဂုဏ်ကိုမမောက် ထွန်းတောက်နေချိန်ခါ
ရဲရင့်လျက်ပါ ပညာရှင်ပွဲ
နှီးနှောဖလှယ် ပညာနယ်
တွင်ကျယ်သုံးစွဲ ဆင်နွဲသည်တည့်လေး။

\- လူချင်းမခွဲ မကွဲအတူ
ပညာတန်ဖိုး မြတ်နိုးစွာသင်ယူ
ကြိုးစားကြသူ ညီတူပါပဲ
အောင်မြင်နိုင်မည် လုံ့လချီ
စိတ်သည်အားခဲ ဇွဲနပဲကယ်နှင့်လေး။

\- လည်ဆွဲရတနာ ရောင်ဝါလင်းလက်လှပေသည်။
စွဲမြဲမြတ်ပညာ စဉ်သာထိန်ဝင်းပနေသည်။ ။

**ဆောင်းနေရောင်(အဖျောက်)**

## မိုးမိတ်မြို့နယ် လက်ခုပ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် မတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ခုပ်ပင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက လက်ခုပ်ပင်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈၈ ဦးကို သတ္တမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၆၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# နိုင်ငံတကာ သတင်းများ

## ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနေရာအတွက် အမေရိကန်နှင့်အပြိုင် အမည်စာရင်းတင်သွင်းရန် ရုရှားကြိုးစားမည်

**မော်စကို မတ် ၈**

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌရာထူးအတွက် အမေရိကန်နိုင်ငံက အမည်စာရင်း တင်သွင်းထားသူကို စိန်ခေါ်ရေး အတွက် ရုရှားနိုင်ငံက ကြိုးစားမည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန် အစိုးရက ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌသစ် အဖြစ် အမည်စာရင်းပေးသွင်းထား သူကို စိန်ခေါ်ရေးအတွက် ကိုယ်စားလှယ်လောင်း ရှာဖွေရန် မိတ်ဖက်နိုင်ငံများနှင့် ဆွေးနွေးနေ ကြောင်း ရုရှားအစိုးရ ကမ္ဘာ့ဘဏ် ဆိုင်ရာ ထိပ်တန်းကိုယ်စားလှယ် ရိုမန်မာရှာဝင်က ထုတ်ဖော်ပြော ကြားထားသည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌလောင်းနေရာ အတွက် အမေရိကန်နိုင်ငံနှင့် အပြိုင် အမည်စာရင်းတင်သွင်းမည့် ရုရှားနိုင်ငံ၏ အစီအစဉ်ကြောင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ နေရာအပြောင်းအလဲ လုပ်ငန်းစဉ်ရှုပ်ထွေးသွားနိုင် ဖွယ်ရှိသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် မာစတာကတ်ကုမ္ပဏီအကြီးအကဲဟောင်း အဂျေးဘန်ဒါကို ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသည်။

အသက် ၆၃ နှစ်ရှိ အဂျေးဘန်ဒါသည် လက်ရှိ ဥက္ကဋ္ဌ ဒေးဗစ်မဲလ်ပတ်စ်၏နေရာတွင် ဝင်ရောက်၍ ကမ္ဘာ့ဘဏ်လုပ်ငန်းစဉ်များကို ဦးဆောင်ရမည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် ယူကရိန်းပြဿနာကို အကြောင်းပြု၍ ရုရှားနိုင်ငံအတွင်းရှိ လုပ်ငန်းများကို ရပ်ဆိုင်းထားသော်လည်း ရုရှားနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ မဲပေးပိုင်ခွင့်ရှိသော အဖွဲ့ဝင်အဖြစ်ဆက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံ၌ နှစ်လတာကာလအတွင်း အဝင်နှင့်အထွက် ခရီးစဉ်ပေါင်း သန်း ၄၀ နီးပါးရှိ



**ပေကျင်း မတ် ၈**

ယခုနှစ် ဇန်နဝါရီ ၈ ရက်မှ မတ် ၇ ရက်ထိ တရုတ်နိုင်ငံ အဝင်ခရီးစဉ်နှင့် အထွက်ခရီးစဉ်ပေါင်း ၃၉ ဒသမ ၇၂ သန်းထိ ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်အစိုးရ အမျိုးသားလူဝင်မှုကြီးကြပ်ရေးဌာန၏ အဆိုအရ ယခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် တစ်ရက်တည်းမှာပင် တရုတ်နိုင်ငံသို့ အဝင်ခရီးစဉ်နှင့်အထွက်ခရီးစဉ် ပေါင်း ၁ ဒသမ ၀၁၃ သန်းထိ ရှိခဲ့သည်။

အဆိုပါ ကိန်းဂဏန်းများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလုံးဝ ကင်းစင်ရေးမူဝါဒကို ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်လာမှုကို ပြသလျက်ရှိသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ယခု နှစ်အတွင်း မတ် ၇ ရက်ထိ နိုင်ငံခြားသားများအတွက် ပြည်ဝင်ခွင့် ဗီဇာနှင့် အမြဲတမ်းနေထိုင်ခွင့် ၁၂၂၀၀၀ ထိ ထုတ်ပေးခဲ့ရကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု လုံးဝကင်းစင်ရေးမူဝါဒ ပြန်လည်ရုပ်သိမ်းခဲ့မှုနှင့်အတူ နှစ်သစ်ကူးအားလပ်ရက်ကာလကြောင့် ယခုနှစ်စပိုင်းအတွင်း တရုတ်နိုင်ငံ၌ ခရီးသွားလာမှုများ အားကောင်းခဲ့ရသည်။

တရုတ်အစိုးရက ယခုနှစ်အတွင်း ထုတ်ပေးခဲ့သော ပြည်ဝင်ခွင့်ဗီဇာနှင့် အမြဲတမ်းနေထိုင်ခွင့် အရေအတွက်သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု လုံးဝကင်းစင်ရေး မူဝါဒ မရုပ်သိမ်းမီကာလကထက် ၃၃ ဒသမ ၁ ရာခိုင်နှုန်း ပို၍ မြင့်မားခဲ့ကြောင်း သိရသည်။

KKO

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထပ်ခုနစ်ထပ်ပါအဆောက်အအုံပေါက်ကွဲမှုဖြစ်ပွား လူပေါင်းအနည်းဆုံး ၁၇ ဦးသေဆုံး၊ အမြောက်အမြားဒဏ်ရာရရှိ

**ဒါကာ မတ် ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အထပ်ခုနစ်ထပ်ပါ အဆောက်အအုံ တစ်လုံး၌ မတ် ၇ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူပေါင်း အနည်းဆုံး ၁၇ ဦး သေဆုံး၍ အမြောက်အမြား ဒဏ်ရာများရရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ အဆောက်အအုံ ပေါက်ကွဲမှုသည် ဒါကာမြို့၏ ဂူလီစတန်စီးပွားရေး ရပ်ကွက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားသည့် အဆောက်အအုံ၌ ရေပိုက်ပစ္စည်း အရောင်းဆိုင်များနှင့် လူသုံးကုန် ပစ္စည်းအရောင်းဆိုင်များ တည်ရှိကြောင်း သိရသည်။

ထို့ပြင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယင်းအဆောက်အအုံ၏ အထက်ပိုင်းအလွှာများ၌ လူများ ပိတ်မိခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ် ပြည်တွင်းမီဒီယာများက သတင်း ထုတ်ပြန်ထားသည်။

လက်ရှိတွင် အဆောက်အအုံ ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်း ရင်းကို မသိရသေးဘဲ သက်ဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းစစ်ဆေး နေဆဲဖြစ်သည်။



သို့သော် ဘင်္ဂလားဒေ့ရှ် ပြည်တွင်းမီဒီယာများ၏ အဆိုအရ ဓာတ်ငွေ့စုစည်းမှုပြဿနာကြောင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရခြင်းဖြစ်နိုင်ကြောင်း သိရသည်။ KKO

## အီဂျစ်နိုင်ငံ၌ ရထားလမ်းချော်မှုဖြစ်ပွား အနည်းဆုံး နှစ်ဦးသေဆုံး၍ ၁၆ ဦးဒဏ်ရာရရှိ



**ကိုင်ရို မတ် ၈**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော် မြောက်ပိုင်း၌ မတ် ၇ ရက်က ခရီးသည်တင်ရထား လမ်းချော်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ နှစ်ဦး သေဆုံး၍ ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်း မြစ်ဝကျွန်းပေါ်ဒေသရှိ မင်းနော့ဖ်မြို့သို့ ဦးတည်ခုတ်မောင်းနေသော အဆိုပါ ခရီးသည်တင်ရထားသည် ကယ်လ်ယက်ဘ်မြို့ဘူတာကို ဖြတ်သန်းခုတ်မောင်းနေစဉ် လမ်းချော်ခဲ့ခြင်းဖြစ်သည်။

ရထားလမ်းချော်မှုဖြစ်ပွားခဲ့ပြီးနောက် လူနာတင်ယာဉ်အနည်းဆုံး အစီး ၂၀ ဖြင့် ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း အီဂျစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အီဂျစ်တာဝန်ရှိသူများသည် ရထားလမ်းချော်မှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အီဂျစ်နိုင်ငံ၏ ရထားလမ်းကွန်ရက်သည် သက်တမ်းအိုဟောင်းနေသည့်အပြင် ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ရထားမတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်သည်။

အီဂျစ်နိုင်ငံ၏ မျက်မှောက်သမိုင်းတစ်လျှောက် အသေအပျောက်အများဆုံးရထားမတော်တဆမှုမှာ ၂၀၀၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရထားမီးလောင်မှုဖြစ်ပြီး လူပေါင်း ဦးရေ ၃၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

KKO

## နော့ဒ်စထရမ်းဓာတ်ငွေ့ပိုက်လိုင်းတိုက်ခိုက်ခံရမှုနောက်ကွယ်၌ ယူကရိန်းလိုလားသူအုပ်စုတစ်စုရှိနေဟုဆို

**ဝါရှင်တန် မတ် ၈**

ပြီးခဲ့သည့်နှစ်အတွင်း ဖြစ်ပွားခဲ့သည့် နော့ဒ်စထရမ်းပင်လယ်ရေအောက်သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုများ နောက်ကွယ်



တွင် ယူကရိန်းကို လိုလားသည့် အုပ်စုတစ်စုရှိနေကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

သို့သော် နော့ဒ်စထရမ်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုများပြဿနာ၌ ယူကရိန်းအစိုးရ ပါဝင်ပတ်သက်သည့် အထောက်အထားမတွေ့ရကြောင်း နယူးယောက်တိုင်းမ်၏ အဆိုအရ သိရသည်။

ရုရှားနှင့်ဂျာမနီတို့ကို ချိတ်ဆက်ပေးထားသော နော့ဒ်စထရမ်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၂၆ ရက်တွင် ဆွီဒင်နှင့်ဒိန်းမတ်နိုင်ငံတို့၏ အထူးစီးပွားရေးရေပြင်ဇုန်များ၌ ရေအောက်ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။


အမေရိကန် တာဝန်ရှိသူများ လေ့လာစိစစ်ခဲ့သည့် ထောက်လှမ်းရေးသတင်း အချက်အလက်များသည် နော့ဒ်စထရမ်းပိုက်လိုင်း ပေါက်ကွဲမှုများ နောက်ကွယ်၌ ယူကရိန်းလိုလားသူ အုပ်စုတစ်စုရှိနေမှုကို ပြသနေကြောင်း သိရသည်။

နော့ဒ်စထရမ်း ပင်လယ်ရေအောက်သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုများအတွက် ရုရှားနိုင်ငံက အနောက်အုပ်စုကို အပြစ်တင်ထားပြီး လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးရန် တောင်းဆိုထားသည်။

ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံတို့က နော့ဒ်စထရမ်းပိုက်လိုင်းပေါက်ကွဲမှုများကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခဲ့သည့် အဖျက်လုပ်ရပ်များအဖြစ် သုံးသပ်ထားသော်လည်းမည်သူ့တွင် တာဝန်ရှိနိုင်သည်ဟုထုတ်ပြောကြားခြင်းမရှိခဲ့ကြောင်းသိရသည်။KKO

# SCIENCE AND TECHNOLOGY

## စကြဝဠာခေတ်ဦးတွင် ပေါ်ထွက်ခဲ့သော အလွန်ရှားပါးသည့် မဟာအာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် မတ် ၈**

စကြဝဠာခေတ်ဦးတွင် ပေါ်ထွက်ခဲ့သော အလွန်ရှားပါးသည့် မဟာအာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၇ ရက်က ရေးသားတင်ပြထားသည်။

COS-87254 ဟူ၍ အမည်ပေးထားသည့် ရှေးဟောင်းကြယ်စုတစ်စုအတွင်းတည်ရှိသော အဆိုပါအာကာသတွင်းနက်သည် ဖြပ်ထုအားဖြင့် နေဖြပ်ထုထက် အဆပေါင်း တစ်ဘီလီယံခန့် ပိုကြီးမားကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ မဟာအာကာသတွင်းနက်တည်ရှိရာ COS-87254 ကြယ်စုသည် စကြဝဠာစတင်ဖြစ်ပေါ်ခဲ့ပြီး နှစ်သန်း ၇၀၀ ကြားတွင် ပေါ်ထွက်လာသော ကြယ်စုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါအာကာသတွင်းနက်ကို ချီလီနိုင်ငံအခြေစိုက် အယ်လ်မာ အာကာသရေဒီယိုတယ်လီစကုပ် အကူအညီဖြင့် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါအာကာသတွင်းနက် အထောက်အထားအရ စကြဝဠာခေတ်ဦးတွင် ပေါ်ထွက်ခဲ့ပြီး ရှေးဟောင်းကြယ်စုကြီးများအတွင်း ပုန်းခိုနေကြသည့် မဟာအာကာသတွင်းနက်များမှာ မျှော်လင့်ထားသည်ထက်ပိုများနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အာကာသတွင်းနက်များသည် အရွယ်အစားအလွန်ကြီးမားသည့် ကြယ်ကြီးများပြိုကွဲချိန်တွင် ပေါ်ထွက်လာတတ်ပြီး အနီးဝန်းကျင်ရှိ ဓာတ်ငွေ့များ၊ ကြယ်များ၊ ဖုန်မှုန့်များနှင့် အခြားအာကာသဒြပ်ထည်များကို စုပ်ယူဝါးမျိုခြင်းဖြင့် အရွယ်အစားကြီးမားလာတတ်သော အာကာသနယ်မြေများဖြစ်ကြကြောင်း သိရသည်။ KKO

## ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်ဆည်းဆာချိန်ကာလ ကျရောက်လာသောနေရောင်ကို ပထမဆုံးအကြိမ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် မတ် ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ဆည်းဆာချိန်ကာလ ကျရောက်လာသောနေရောင်ကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၇ ရက်က ရေးသားတင်ပြထားသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အဆိုပါ အင်္ဂါဂြိုဟ်ဆည်းဆာချိန်နေရောင်ကို ဖေဖော်ဝါရီ ၂ ရက်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ်ဆည်းဆာချိန်နေရောင်ဓာတ်ပုံထဲ၌ တွေ့မြင်ရသော တိမ်တိုက်များမှာ ပုံမှန်အင်္ဂါဂြိုဟ် တိမ်တိုက်များကဲ့သို့ မဟုတ်ဘဲ အလွန်အေးမြသည့် အင်္ဂါဂြိုဟ် အမြင့်ပိုင်းကောင်းကင်ယံ၌ တည်ရှိကြောင်း၊ အင်္ဂါဂြိုဟ်ကောင်းကင်၏ ပုံမှန်တိမ်တိုက်များကမူ အင်္ဂါဂြိုဟ်မြေမျက်နှာပြင်အထက် အမြင့် ၃၇ မိုင်ခန့်တွင်သာရှိတတ်သော တိမ်တိုက်များဖြစ်ကြသည်။



ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်တိမ်တိုက်များကို လေ့လာခြင်းဖြင့် အင်္ဂါဂြိုဟ်ရာသီဥတုအခြေအနေဆိုင်ရာ သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးလျက်ရှိပြီး အဆိုပါအာကာသယာဉ်သည် အင်္ဂါဂြိုဟ်ဆည်းဆာချိန်ကာလ ရာသီဥတုအခြေအနေလေ့လာမှုကို ယခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး မတ်လထိ ပြုလုပ်မည်ဖြစ်သည်။ KKO

## နာဆာက အာကာသယာဉ်မှူးများလိုက်ပါမည့် အားတီးမစ်-၂ မစ်ရှင်ကို လာမည့်နှစ် နိုဝင်ဘာလတွင်လွှတ်တင်ရန် စီစဉ်

**ဝါရှင်တန် မတ် ၈**

အာကာသယာဉ်မှူးများလိုက်ပါမည့် အားတီးမစ်-၂ မစ်ရှင်ကို လာမည့်နှစ် နိုဝင်ဘာလအတွင်း လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စီစဉ်ထားကြောင်း Phys.Org သတင်းဝက်ဘ်ဆိုက်က မတ် ၇ ရက်က ရေးသားတင်ပြထားသည်။

အားတီးမစ်-၁ မစ်ရှင် အောင်မြင်ခဲ့ပြီးနောက် အာကာသယာဉ်မှူးများလိုက်ပါမည့် အားတီးမစ်-၂ မစ်ရှင်ကို လာမည့်နှစ်တွင် ဆက်လက်လွှတ်တင်ရန် နာဆာက စီစဉ်ထားခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် အားတီးမစ်-၁ မစ်ရှင်အရ အာကာသယာဉ်မှူးများလိုက်ပါမှုမရှိသည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

သို့ဖြစ်ရာ အားတီးမစ်-၂ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးလေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် လွှတ်တင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အားတီးမစ်-၂ မစ်ရှင် အာကာသယာဉ်မှူး လေးဦးတို့၏အမည်ကို ယခုနှစ်အတွင်းကြေညာရန် နာဆာက စီစဉ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင် အောင်မြင်ခဲ့ပါက အားတီးမစ်-၃ မစ်ရှင်ဖြင့် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသသို့ အာကာသယာဉ်မှူးများကို စေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။ KKO

# HEALTH

## စိတ်ဖိစီးမှုကြောင့် သက်ကြီးပိုင်းများ၌ တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှု မြင့်မားနိုင်

**နယူးယောက် မတ် ၈**

စိတ်ဖိစီးမှုပြဿနာကြောင့် သက်ကြီးပိုင်းများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှု မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၄၅ နှစ်နှင့်အထက် လူဦးရေပေါင်း ၂၄၄၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ စိတ်ဖိအားဝင်မှု အဆင့်မြင့်မားသူ သက်ကြီးပိုင်းများတွင် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းနိုင်ခြေမှာ ပုံမှန်ထက် ၁ ဒသမ ၃၇ ဆ ပိုမြင့်မားကြောင်း သိရသည်။

စိတ်ဖိအားဝင်နေသူများသည် တစ်ခါတစ်ရံ ကျန်းမာရေးနှင့်မညီသည့်အပြုအမူများ ပြုလုပ်တတ်ကြမှုကြောင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုမြင့်မားနေရခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

စိတ်ဖိစီးမှုပြဿနာသည် သက်ကြီးပိုင်းများကြား ဖြစ်လေ့ဖြစ်ထရှိသော စိတ်ကျန်းမာရေးပြဿနာတစ်မျိုးဖြစ်သည်။

စိတ်ဖိစီးမှုပြဿနာသည် ဇရာဝင်မှု ပိုမြန်လာခြင်း၊ နှလုံးရောဂါဖြစ်ပွားမှု၊ ခုခံအားစနစ်ကျဆင်းမှုများနှင့်ဆက်စပ်နေသည်ဟု သုတေသနပညာရှင်များက ရှေးယခင်ကပင် တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

KKO

## တာဝေးပြေးမှုများကြောင့် ဒူးရိုးနှင့် တင်ပါးဆုံရိုး အရိုးဆက်ရောင်ရမ်းနာဖြစ်နိုင်ခြေ မြင့်တက်မှုမရှိနိုင်

**နယူးယောက် မတ် ၈**

တာဝေးပြေးမှုများကြောင့် ဒူးရိုးနှင့် တင်ပါးဆုံရိုး အရိုးဆက်ရောင်ရမ်းနာရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှု မရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၇ ရက်က ရေးသားတင်ပြထားသည်။

အပြေးသမားများအနေဖြင့် မည်မျှ မြန်မြန်ပြေးသည်ဖြစ်စေ၊ မည်မျှ ဝေးဝေးပြေးသည်ဖြစ်စေ ဒူးရိုးနှင့် တင်ပါးဆုံရိုး အရိုးဆက်ရောင်ရမ်းနာရောဂါများမဖြစ်နိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

တာဝေးပြေးမှုများကြောင့် ဒူးရိုးနှင့် တင်ပါးဆုံရိုး အရိုးဆက်ရောင်ရမ်းနာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း အများက ရှေးယခင်က ယူဆခဲ့ကြသည်။

အမေရိကန်သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၄၄ နှစ်ရှိ မာရသွန်အပြေးသမား ၃၈၀၀ ကျော်တို့ကို အချိန်ယူလေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ ယခင်ထင်မှတ်ထားသကဲ့သို့ တာဝေးအပြေးသမားများ၌ ဒူးရိုးနှင့် တင်ပါးဆုံရိုး အရိုးဆက်ရောင်ရမ်းနာဖြစ်နိုင်ခြေမှာ ပုံမှန်ထက်မြင့်မားမှုမရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

အရိုးဆက်ရောင်ရမ်းနာဖြစ်နိုင်ခြေ မြင့်မားရမှုနောက်ခံအကြောင်းတရားများမှာ မာရသွန်အပြေးသမား မဟုတ်သူများတွင်ရော၊ ဟုတ်သူများတွင်ပါ အတူတူပင်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာအသင်းဥက္ကဋ္ဌက နည်းပြဇာဗီကို စာချုပ်သက်တမ်းတိုးရန် ဆုံးဖြတ်

**ဘာစီလိုနာ မတ် ၈**

ဘာစီလိုနာ အသင်းအနေဖြင့် လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြဇာဗီကို စာချုပ်သစ်ချုပ်ဆိုရန် ဆုံးဖြတ်ထားကြောင်း အသင်းဥက္ကဋ္ဌ လာပေါ်တာက ပြောကြားခဲ့သည်ဟု Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဇာဗီသည် ဘာစီလိုနာအသင်းအား ၂၀၂၁ ခုနှစ်က စတင်တာဝန်ယူပြီးနောက် အသင်းအနေဖြင့် ခြေစွမ်းပိုင်းတိုးတက်လာခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း အမှတ်ပေးပြိုင်ပွဲတွင် အမှတ်ပေးဇယားထိပ်၌ ဒုတိယနေရာမှ ရီးရဲလ်မက်ဒရစ်အသင်းကို ရမှတ် ကိုးမှတ်ထိ ဖြတ်တောက်၍ ဦးဆောင်ထားနိုင်သောကြောင့် အသင်းဥက္ကဋ္ဌ လာပေါ်တာက နည်းပြဇာဗီ၏ စွမ်းဆောင်ရည်ကို ယုံကြည်သဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

အသင်းဥက္ကဋ္ဌ လာပေါ်တာက "ကျွန်တော်ကတော့ ဇာဗီကို သက်တမ်းတိုးဖို့ ဆုံးဖြတ်ထားပါတယ်။ ဘာလို့လဲဆိုရင် သူဟာ အသင်းကို ပုံစံကောင်းရအောင် တည်ဆောက်နိုင်ခဲ့လို့ပါ။ ဒါ့ပြင် အပြောင်းအရွှေ့နဲ့ ပတ်သက်ရင်လဲ ကျွန်တော်တို့ကို ဖိအားပေးခြင်းမရှိဘဲ လက်ရှိအခြေအနေနဲ့ဖြစ်အောင် အကောင်းဆုံး တည်ဆောက်နိုင်သူပါ။ အခုချိန်မှာ အသင်းအနေနဲ့ ကစားသမားဝယ်ယူမှုနဲ့ လုပ်ခလစာပေးချေမှုမှာ လိုငွေပြနေတာကြောင့် လာမဲ့ရာသီမှာ ကစားသမားခေါ်ယူခွင့်မရခဲ့ရင်တော့ လူငယ်အသင်းက ကစားသမားတွေကို ခေါ်ယူအသုံးပြုရမှာပါ" ဟု ပြောကြားခဲ့သည်။

ဘာစီလိုနာ အသင်းသည် နည်းပြဇာဗီလက်ထက် ပြိုင်ပွဲစုံ ၇၅ ပွဲတွင် ၄၇ ပွဲနိုင်၊ ၁၄ ပွဲသရေ၊ ၁၄ ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း အမှတ်ပေးပြိုင်ပွဲတွင်အဆင့် (၁)နေရာ၌ ရပ်တည်နေသကဲ့သို့ စပိန်ကိုပါဒယ်ရေးဖလား ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့ကာ နောက်တစ်ဆင့် တက်ရောက်ရန် အခြေအနေကောင်းများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

ML



# အာရှယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာယူ-၂၀ အသင်းက ကမ္ဘောဒီးယားယူ-၂၀ အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရ



**ရန်ကုန် မတ် ၈**

အာရှယူ-၂၀ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု အဖွင့်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းနှင့် အိမ်ရှင် ကမ္ဘောဒီးယားယူ-၂၀ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ-၂၀ အမျိုးသမီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး မြန်မာယူ-၂၀ အမျိုးသမီးအသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာယူ-၂၀ အမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး အိမ်ရှင်ကမ္ဘောဒီးယားယူ-၂၀ အမျိုးသမီးအသင်းက ခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့ရကာ ပွဲချိန် ၄၉ မိနစ်တွင် စန္ဒာလင်းက မြန်မာယူ-၂၀ အမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုးရရှိပြီး နောက်ပိုင်းတွင် မြန်မာယူ-၂၀အမျိုးသမီးအသင်းကသာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ၆၄ မိနစ်တွင် ဝေနှင်းဖြိုးက မြန်မာယူ-၂၀ အမျိုးသမီးအသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ရုရှားနှင့် ဘီလာရုစ်တင်းနစ်ကစားသမားများအား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသင့်ကြောင်း အင်ဒီမာရေး တိုက်တွန်း

**လန်ဒန် မတ် ၈**

ဗြိတိန် တင်းနစ်ကစားသမား အင်ဒီမာရေးသည် ၂၀၂၃ ခုနှစ် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ် ကစားသမားများနှင့် ဘီလာရုစ်တင်းနစ်ကစားသမားများကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသင့်ကြောင်း ဗြိတိန်တင်းနစ်အဖွဲ့ချုပ်အား တိုက်တွန်းခဲ့သည်ဟု Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗြိတိန်တင်းနစ်အဖွဲ့ချုပ်သည် ၂၀၂၂ ခုနှစ် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ရုရှား-ယူကရိန်း အရေးကြောင့် ရုရှားတင်းနစ် ကစားသမားများနှင့် ဘီလာရုစ် တင်းနစ် ကစားသမားများအား ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခဲ့သည့်အတွက်ကြောင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်ကလည်း ၂၀၂၂ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ကစားသမားများ၏ ရလဒ်များအားကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ထည့်သွင်းပေးခဲ့ခြင်းမရှိသည့်အတွက် တင်းနစ်လောက၏ အခမ်းနားဆုံးပြိုင်ပွဲဖြစ်သည့် ဝင်ဘယ်ဒန်တင်းနစ် ပြိုင်ပွဲသည် ၂၀၂၂ ခုနှစ်တွင် ရန်ပုံငွေပြိုင်ပွဲအသွင်သာဖြစ်ခဲ့ရသည်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ အရှိန်အဝါကို ထိခိုက်စေနိုင်သည့်အတွက် ရုရှားတင်းနစ်ကစားသမားများနှင့် ဘီလာရုစ်တင်းနစ်ကစားသမားများကို ၂၀၂၃ ခုနှစ် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ပြုသွားသင့်ကြောင်း တိုက်တွန်းခဲ့သည်။

အင်ဒီမာရေးက "၂၀၂၂ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ခက်ခဲရှုပ်ထွေးတဲ့ အခြေအနေတွေဖြစ်ပေါ်ခဲ့ပါတယ်။ အခြေအနေအရပ်ရပ်ကို နားလည်နိုင်ပေမဲ့လဲ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ အရှိန်အဝါနဲ့သမိုင်းကြောင်းကို ထိခိုက်မှာစိုးရိမ်မိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုရှုပ်ထွေးတဲ့အခြေအနေမှာ ပါဝင်ပတ်သက်ဖို့ စိတ်မရှိပေမဲ့လဲ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ အရှိန်အဝါကျဆင်းလာမှာကိုတော့ စိုးရိမ်မိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ချဲလ်ဆီးအသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်

**လန်ဒန် မတ် ၈**

ချဲလ်ဆီးအသင်းသည် ချန်ပီယံလိဂ် (၁၆) သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပထမအကျော့က ကစားခဲ့သည့်ပွဲစဉ်တွင် ဒေါ့မွန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ယခုနှစ်အိမ်ကွင်းပွဲစဉ်တွင် ခြေစွမ်းပိုင်းအသာဖြင့် ပြန်လည်ဖိအားပေးကစားနိုင်ခဲ့သောကြောင့် နှစ်ဂိုးပြတ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၂ ပွဲတွင် လေးပွဲသရေ၊ ခြောက်ပွဲ ရှုံးဖြင့် နှစ်ပွဲသာ အနိုင်ရခဲ့သဖြင့် ဖိအားအောက်ကျရောက်ခဲ့ရပြီး နောက်ဆုံး ၁၀ ပွဲဆက် ရှုံးပွဲမရှိသေးသည့် ဒေါ့မွန်အသင်းနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ပွဲအစကတည်းက တိုက်စစ်ဆင်ဖိအားပေးမှုများ ပြုလုပ်ကာ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများရှိခဲ့သဖြင့် ပွဲချိန် ၄၃ မိနစ်တွင် စတားလင်းက အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဒေါ့မွန်အသင်းက ဘောလုံးပိုင်ဆိုင်မှု ၆၅ ရာခိုင်နှုန်းထိ ရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ချေပဂိုးမရခဲ့ဘဲ ချဲလ်ဆီးအသင်း၏ တန်ပြန်တိုက်စစ်များကိုသာ ပြန်လည်ထိန်းချုပ်ခဲ့ရကာ ပွဲချိန် မိနစ် ၅၀ တွင် ဘန်ချီဝဲလ်၏ ဖြတ်တင်ဘောကို ခံစစ်ကစားသမား မာရီးယက်ဝုဖ်ကာကွယ်ရာမှ လက်နှင့်ထိခဲ့သဖြင့် ပင်နယ်တီခွင့်ပြုခဲ့ရပြီး ဦးဆောင်ဂိုး ထပ်မံပေးခဲ့ရသောကြောင့် ပွဲပြီးဆုံးချိန်တွင် ချဲလ်ဆီးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ဘရိုက်တန်အသင်းက ကွင်းလယ်ကစားသမား ကာစီဒိုကို သက်တမ်းတိုးခဲ့သော်လည်း ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူရန် ထပ်မံကြိုးပမ်းနေကြောင်း သိရသည်။
- ဘင်ဖီကာအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ဘရုဂျက်အသင်းနှင့် နည်းပြပါကားတို့၏ အနာဂတ်မှာ မရေမရာမှုများ ရှိလာကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- ဥရောပအကောင်းဆုံး လိဂ်ပြိုင်ပွဲမှာ အင်္ဂလန်နိုင်ငံတွင်ရှိသော်လည်း အကောင်းဆုံးဘောလုံး ကစားပုံမှာ စပိန်တွင်သာရှိကြောင်း နည်းပြပယ်လီဂရီနီက ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းကိုရောင်းချရန်အတွက် ဂလေဇာမိသားစုနှင့် Raine Group တို့ ဆွေးနွေးခဲ့ရာ နောက်ဆုံးအဆင့်သို့ရောက်ရှိနေပြီး မတ် ၉ ရက်တွင် ဆက်လက်ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ML

# ဒဏ်ရာရနေသည့် မေဆင်မောင့်၊ ကန်တီ၊ သီယာဂိုဆေးဗားတို့ အသင်းနှင့်ပူးပေါင်းနိုင်မည့်အချိန်ကို ချဲလ်ဆီးထုတ်ပြန်



**လန်ဒန် မတ် ၈**

ချဲလ်ဆီးအသင်းသည် အသင်းမှ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရသည့် ကွင်းလယ်ကစားသမား မေဆင်မောင့်၊ ကန်တီနှင့် ခံစစ်ကစားသမား သီယာဂိုဆေးဗားတို့အနေဖြင့် အသင်းနှင့်ပူးပေါင်းနိုင်မည့်အချိန်ကို ထုတ်ပြန်ခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကွင်းလယ် ကစားသမား မေဆင်မောင့်သည် နည်းပြဂရာဟမ်ပေါ်တာ လက်အောက်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရနေသော်လည်း စပါးအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အရန်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရကာ လိဒ်အသင်းကို အနိုင်ရသည့် ပွဲစဉ်တွင် ကြွံခိုင်မှုမပြည့်ဝသည့်အတွက် ပါဝင်နိုင်ခြင်းမရှိဘဲ ဒေါ့မွန်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တို့ကို လွဲချော်ခဲ့သော်လည်း လာမည့် မတ် ၁၁ ရက်တွင် ကစားရမည့် လက်စတာအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း နည်းပြဂရာဟမ်ပေါ်တာက ပြောကြားခဲ့သည်။

ထို့ပြင် ပေါင်ကြွက်သားဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေရသည့် ကွင်းလယ်ကစားသမား ကန်တီအနေဖြင့် ဒဏ်ရာမှသက်သာလာသော်လည်း ယခုမတ်လကုန်မှသာ အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်သကဲ့သို့ ဒူးဒဏ်ရာကြောင့် အနားယူနေရသည့် ခံစစ်ကစားသမား သီယာဂိုဆေးဗားမှာ ဒူးဒဏ်ရာသက်သာလာသော်လည်း ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ရက်သတ္တခြောက်ပတ်ခန့် အနားယူရမည်ဖြစ်သောကြောင့် ဧပြီလမှသာ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း နည်းပြဂရာဟမ်ပေါ်တာက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ဦးခေါင်းဒဏ်ရာကြောင့် အနားယူနေရသည့် ခံစစ်ကစားသမား အက်ပီလီကျူတာသည်လည်း ယခုလအတွင်းအသင်းနှင့် ပြန်လည် ပူးပေါင်းနိုင်မည်ဖြစ်သော်လည်း လက်ဒဏ်ရာရရှိထားသည့် ဂိုးသမား မန်ဒီနှင့် ဒူးဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူထားရသည့် လူငယ်တိုက်စစ်မှူး ဘရိုဂျာတို့မှာ ယခုနှစ်ဘောလုံးရာသီကို လွဲချော်မည်ဟု ချဲလ်ဆီးအသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ML

# အာဆင်နယ်အသင်းမှ ဂျီးဆပ် စပို့တင်းလစ္စဘွန်းအသင်းနှင့် ပွဲစဉ်တွင် ပါဝင်မည်

**လန်ဒန် မတ် ၈**

အာဆင်နယ်အသင်း အဓိကတိုက်စစ်ကစားသမား ဂျီးဆပ်သည် ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရာမှ ပြန်လည်သက်သာလာခဲ့သည့်အတွက်စပို့တင်းလစ္စဘွန်းအသင်းနှင့် ကစားမည့် ယူရိုပါလိဂ်ပြိုင်ပွဲ(၁၆) သင်းရှုံးထွက်ပွဲစဉ်ကစားမည့် အသင်းကစားသမားစာရင်းတွင် ပြန်လည်ပါဝင်ပြီး အသင်းနှင့်လိုက်ပါလာမည်ဖြစ်ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျီးဆပ်သည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် ပထမဆုံး ဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး နည်းပြ အာတီတာလက်အောက်တွင် အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်သည်။

သို့သော် ဂျီးဆပ်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် ပါဝင်ကစားပေးခဲ့ရာတွင် ပြင်းထန်သည့်ဒူးဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှု ခံယူခဲ့ရသည့်အတွက် ကာလရှည်အနားယူနေခဲ့ရကာ ယခုအခါ အနည်းငယ်ပြန်လည်သက်သာ လာပြီဖြစ်သည့်အတွက် အသင်းနှင့် ပြန်လည်ပူးပေါင်းပြီး စခန်းသွင်းလေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိနေသည်။

ယခုအခါ နည်းပြအာတီတာက လာမည့် စပို့တင်းလစ္စဘွန်းအသင်းနှင့်ကစားမည့်ပွဲစဉ်အတွက် ကစားသမားစာရင်းတွင် ဂျီးဆပ်ကို ပြန်လည် ထည့်သွင်းထားကြောင်း သိရသည်။

STA

# ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ထိုးသတ်ခွင့်ရလိုကြောင်း လက်ဝှေ့မယ် ကာလိုရိုင်းဒူဘွိုက်စ် ပြောကြား

**လန်ဒန် မတ် ၈**

ဗြိတိန်လက်ဝှေ့မယ် ကာလိုရိုင်းဒူဘွိုက်စ်သည် ယခုနှစ်အတွင်း စူပါဘင်တန်ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံခါးပတ်ကို စိန်ခေါ်ထိုးသတ်ခွင့်ရရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု Boxing News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်မြို့တွင် ၂၀၁၈ ခုနှစ်က ကျင်းပခဲ့သည့် လူငယ်အိုလံပစ်အားကစားပွဲတော်တွင် လိုက်ဝိတ်တန်း၌ ဗြိတိန်နိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည့် ကာလိုရိုင်းဒူဘွိုက်စ်သည် ၂၀၂၂ ခုနှစ်မှစတင်၍ ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ စတင်ဝင်ရောက်လာခဲ့သည်။

ဗြိတိန်လက်ဝှေ့မယ် ကာလိုရိုင်းဒူဘွိုက်စ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက် စူပါဘင်တန်ဝိတ်တန်းတွင် စိန်ခေါ်ပွဲပေါင်း ခြောက်ပွဲထိုးသတ်ခဲ့ပြီး ရှုံးပွဲမရှိရလဒ်ကို ရရှိထားသည်။

စိန်ခေါ်ပွဲ အားလုံးကိုလည်း ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိထားသည့်အတွက် အနာဂတ်တွင် အမျိုးသမီး လက်ဝှေ့လောက၌ ထွန်းတောက်လာမည့် ကြယ်ပွင့်အဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

ကာလိုရိုင်းဒူဘွိုက်စ်က ၎င်းအနေဖြင့် ကမ္ဘာ့ချန်ပီယံကိုစိန်ခေါ်နိုင်သည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်သည့်အတွက်ကြောင့် ယခုနှစ်အတွင်း ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ထိုးသတ်ခွင့်ရချင်ကြောင်း ပြောကြားခဲ့သည်။

ကာလိုရိုင်းဒူဘွိုက်စ်က "ကျွန်မအနေနဲ့ ဒီနှစ်အတွင်းကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ထိုးသတ်ခွင့်ရချင်တယ်။ ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ထိုးသတ်ခွင့်ရဖို့အတွက် အကောင်းဆုံးကြိုးစားသွားမယ်။ ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ထိုးသတ်ခွင့်ရဖို့အတွက် ကျွန်မကိုယ် ကျွန်မလဲ ဖိအားပေးသွားမယ်။ ရှုံးပွဲမရှိစံချိန်ကိုလဲ ဆက်လက် ထိန်းသိမ်းခွင့်ရချင်တယ်။ ကမ္ဘာ့ချန်ပီယံနဲ့ စိန်ခေါ်ထိုးသတ်ခွင့်ရခဲ့မယ်ဆိုရင် ကျွန်မအနေနဲ့ ကမ္ဘာ့ချန်ပီယံကိုအနိုင်ယူနိုင်တဲ့ စွမ်းဆောင်ရည်မျိုးရှိနေပြီလို့လဲ ခံစားမိတယ်။ ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်နဲ့ ပတ်သက်ပြီး ဒီနှစ်ထဲ အခွင့်အရေးမရခဲ့ရင်တောင် လာမဲ့နှစ်အစောပိုင်းမှာ ဒီအခွင့်အရေးကို ပိုင်ဆိုင်ခွင့်ရမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# The Players Championship ပြိုင်ပွဲတွင် ကင်မရွန်းစမစ်ကို ယှဉ်ပြိုင်ခွင့် ပိတ်ပင်

**ဖလော်ရီဒါ မတ် ၈**

အမေရိကန်နိုင်ငံ အခြေစိုက် PGA Tour သည် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်အား အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပသွားမည့် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု Fox News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မရွန်းစမစ်သည် PGA Tour တွင် အောင်မြင်မှုများ ဆက်တိုက်ရရှိခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီ နှစ်ကုန်ခါနီးတွင် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပူးပေါင်းသွားခဲ့သည်။

PGA Tour သည် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ထားသည့် ဂေါက်သီးရိုက်ကစားသမားများအား The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားပြီး အခြားသောကစားသမားများအား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့သော်လည်း ကင်မရွန်းစမစ်ကို ပါဝင်ယှဉ်ပြိုင်ခွင့် ပြုမည်မဟုတ်ကြောင်း PGA Tour ၏ အကြီးအကဲဖြစ်သူ မိုနာဟန်ကပြောကြားခဲ့သည်။

မည်သည့် အကြောင်းအရာကြောင့် ပါဝင်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခဲ့ခြင်းကို ရှင်းလင်းချက်ထုတ်ပြန်ခဲ့ခြင်းမရှိခဲ့သည့်အတွက် PGA Tour ၏ဆုံးဖြတ်ချက်မှာ ဝေဖန်စရာဖြစ်နေသည်။

ကင်မရွန်းစမစ်သည် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး ကမ္ဘာ့အဆင့် (၃) ဂေါက်သီးရိုက်ကစားသမားဖြစ်သူ မက်အီလ်ရွိုင်းက ကင်မရွန်းစမစ်အား လက်ရှိချန်ပီယံဆုကို ကာကွယ်ခွင့်ပြုသင့်ကြောင်း PGA Tour အားတိုက်တွန်းသွားခဲ့သည်။

မက်အီလ်ရွိုင်းက "ကင်မရွန်းစမစ်ဟာ The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံတစ်ယောက်ဖြစ်ပါတယ်။ ပြိုင်ပွဲတစ်ပွဲမှာ လက်ရှိချန်ပီယံ ပါဝင်ယှဉ်ပြိုင်ခဲ့မယ်ဆိုရင် ပိုကောင်းမယ်လို့ ကျွန်တော်ထင်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# နည်းပြ ကွန်တီကို အင်တာမီလန်အသင်းနှင့် ဂျူးဗင်တပ်အသင်းတို့က အပြိုင်ကမ်းလှမ်းဖွယ်ရှိ

**လန်ဒန် မတ် ၈**

ယခုနှစ် ဘောလုံးရာသီအကုန်တွင် စပါးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး အသင်းနှင့် လမ်းခွဲဖွယ်ရှိနေသည့် နည်းပြကွန်တီကိုအသင်းဟောင်း နှစ်သင်းဖြစ်သည့် စီးရီးအေထိပ်သီး ဂျူဗင်တပ်အသင်းနှင့်အင်တာမီလန်အသင်းတို့က အပြိုင်ကမ်းလှမ်းလာဖွယ်ရှိနေသည်ဟု The Time သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက စပါးအသင်းက ကွန်တီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ပြင်ဆင်ထားသကဲ့သို့ ကွန်တီကိုယ်တိုင်ကလည်း စပါးအသင်းတွင် ဆက်လက်တာဝန်ထမ်းဆောင်လိုနေသော်လည်း ပြီးခဲ့သည့်လအတွင်းက သည်းခြေအိတ်ခွဲစိတ်ကုသမှုကြောင့် အနာဂတ်အတွက် မရေမရာဖြစ်နေခြင်းဖြစ်သည်။

အသက် ၅၃ နှစ်ရှိ ကွန်တီသည် ပြီးခဲ့သည့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလက စပါးအသင်းကို စတင်တာဝန်ယူ ကိုင်တွယ်ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည့်အတွက် ဂျူဗင်တပ်အသင်းနှင့် အင်တာမီလန်အသင်းတို့က အပြိုင်ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ကွန်တီသည် သည်းခြေအိတ်ခွဲစိတ်ကုသမှုကြောင့် လက်ရှိအချိန်ထိ ဇာတိမြေဖြစ်သည့် အီတလီနိုင်ငံတွင်သာ အနားယူနေခဲ့ရပြီး အနာဂတ်အတွက် ကျန်းမာရေးအခြေအနေကြောင့် စပါးအသင်းနှင့်လမ်းခွဲပြီး စီးရီးအေကလပ်အသင်းတစ်သင်းကိုသာ တာဝန်ယူကိုင်တွယ်လိုနေသည့်အတွက် အသင်းဟောင်း နှစ်သင်းကလည်း အပြိုင်ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။ STA

# ကာကွယ်ရေးစက်မှုလုပ်ငန်းများ တိုးတက်ရန် ကြိုးပမ်းနေသောဂျပန်နိုင်ငံ

ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အကျိုးအမြတ် ၁၅ ရာခိုင်နှုန်း ထိရရှိစေရန်အတွက် ကာကွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးကူညီမှုများ လုပ်ဆောင်ပေးသွားမည့် မူဝါဒတစ်ရပ်ကို ကာကွယ်ရေးဝန်ကြီး ဟာမာဒါယာစူကာဇူက ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကာကွယ်ရေးဝန်ကြီး ဟာမာဒါက ဇန်နဝါရီ ၃၁ ရက်တွင်ပြုလုပ်သော လွှတ်တော်ဘတ်ဂျက်ရေးရာကော်မတီအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ် ကာကွယ်ရေးဝန်ကြီးဌာနသည် တိုင်းပြည်၏ကာကွယ်ရေးဆိုင်ရာကုမ္ပဏီများကို လုပ်ငန်းလုပ်ဆောင်ရာတွင် အကျိုးအမြတ် ၁၀ ရာခိုင်နှုန်းထိရရှိစေမည့် မူဝါဒတစ်ရပ်ကို စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်စဉ် ဈေးနှုန်းအတက်အကျကာမိစေရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနက ၅ ရာခိုင်နှုန်းထပ်ဆောင်းပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းမူဝါဒကို ၂၀၂၃ ခုနှစ် ဧပြီ ၂၃ ရက်တွင် စတင်မည့် ဘဏ္ဍာနှစ်တွင် စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းသည် ကာကွယ်ရေးစွမ်းဆောင်ရည်ဖြစ်ကြောင်း ကာကွယ်ရေးစက်မှုလုပ်ငန်းများ အခြေခိုင်မာရေးအတွက် အရေးပေါ်ဖြည့်ဆည်းပေးသွားရန်လိုအပ်ကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။

တိုင်းပြည်၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများသည် အကျိုးအမြတ်ရရှိရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည့်အပြင် ဝန်ကြီးချုပ်ကီရှီဒါဖူမီယိုအစိုးရကလည်း ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်များကို အခြေခံကျကျတည်ဆောက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားထားရှိသဖြင့် ကာကွယ်ရေးဝန်ကြီး၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခင်နှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဂျပန်အစိုးရက အတည်ပြုထားသော ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးမဟာဗျူဟာသစ်အရ ကာကွယ်ရေးစက်မှုလုပ်ငန်းအနေဖြင့် ထူးခြားသောအခန်းကဏ္ဍမှ ပါဝင်နိုင်ရေးအတွက် ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်တစ်ခုလုံးအပါအဝင် ဂျပန်နိုင်ငံအနေဖြင့် အခြေခံကျသောအချက်များကို ဖြည့်ဆည်းသွားရန် လိုအပ်သည်။

လွန်ခဲ့သော နှစ် ၂၀ ကျော်ကာလအတွင်း ပြည်တွင်းကုမ္ပဏီ ၁၀၀ ကျော်သည် အကျိုးအမြတ်ရရှိမှုနည်းပါးသောကြောင့် ကာကွယ်ရေးဆိုင်ရာစီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေရာမှ ရုပ်သိမ်းသွားခဲ့သည်။ အထူးသဖြင့် ၂၀၂၁ ခုနှစ်အတွင်း Mitsui E&S သည် ရေတပ်နှင့် အစိုးရသင်္ဘောတည်ဆောက်ရေးလုပ်ငန်းများမှနုတ်ထွက်ခဲ့ပြီးနောက် အဆိုပါလုပ်ငန်းကို မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်း (MHI) သို့ ရောင်းချပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ်အတွင်း ဂျပန်နိုင်ငံ၏ ဓာတုပစ္စည်းအဓိကထုတ်လုပ်သူ Daicel သည် လေယာဉ်မှူးများအတွက် အရေးပေါ်ခုန်ထွက်ရေးစနစ်များ ထုတ်လုပ်မှုကို ရပ်ဆိုင်းသွားခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် တိုင်းပြည်၏ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်ပေးသူ ထိပ်တန်းကုမ္ပဏီ Komatsu သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးမြေပြင်တပ်ဖွဲ့ (JGSDF) အတွက် အပေါ့စားသံချပ်ကာယာဉ် (LAV)၏ ပုံစံသစ်များ သုတေသနတိုးတက်ထုတ်လုပ်နေမှုကို ရပ်ဆိုင်းခဲ့သည်။ JGSDF သည် LAV ကို အီရတ်စစ်ပွဲတွင် တပ်ဖြန့်ချထားခဲ့သော်လည်း အကျိုးအမြတ်နည်းပါးသောကြောင့် ထုတ်လုပ်မှုများ ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏အဆိုအရ ကာကွယ်ရေးပစ္စည်းများထုတ်လုပ်မှုအတွက် အကျိုးအမြတ်ရရှိမှုသည် ၂၀၂၀ ပြည့်နှစ် ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။ သို့သော် ထိုအကျိုးအမြတ်သည် ကန်ထရိုက်စာချုပ်များချုပ်ဆိုစဉ်က ခန့်မှန်းထားသော အကျိုးအမြတ်ပင်ဖြစ်သည်။ အမှာစာများ လက်ခံရရှိခဲ့ပြီးနောက် ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများအပြင် အခြားမမျှော်မှန်းနိုင်သော ကုန်ကျစရိတ်များကြောင့် အမှန်တကယ် အကျိုးအမြတ်ရရှိမှုသည် နှစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းခန့်သာရှိသည်။

သို့သော် အနောက်တိုင်းမှ ကာကွယ်ရေးပစ္စည်းထုတ်လုပ်သူများ၏ အကျိုးအမြတ်သည် ၁၀ ရာခိုင်နှုန်းခန့်ရှိနေပြီး သာဓကအနေဖြင့် အမေရိကန်၏ လော့ခ်ဟိဒ်မာတင်ကုမ္ပဏီသည် အကျိုးအမြတ် ၁၀ ရာခိုင်နှုန်းကျော်ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသည်။ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့မရှိသောကြောင့်



ဂျပန်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကန်ထရိုက်တာများသည် စစ်လက်နက်ပစ္စည်းပမာဏ အနည်းငယ်သာ ထုတ်လုပ်နိုင်စွမ်းရှိသည်။ ဂျပန်နိုင်ငံ၏ အကြီးဆုံးကာကွယ်ရေးကုမ္ပဏီဖြစ်သည့် မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းသည်ပင်လျှင် ကာကွယ်ရေးနှင့်ဆက်နွယ်သည့်လုပ်ငန်းများမှ အခွန်ငွေ ၁၀ ရာခိုင်နှုန်းခန့်သာရရှိနေသည်။

ကာကွယ်ရေးပစ္စည်းများ ပြည်ပသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရေးနှင့် ကာကွယ်ရေးကုမ္ပဏီများကို အထောက်အပံ့ပေးနိုင်ရေးအတွက် ဂျပန်အစိုးရသည် လက်ရှိအချိန်တွင် ကာကွယ်ရေးပစ္စည်းများနှင့် နည်းပညာလွှဲပြောင်းရေးမူဝါဒ (၃) ရပ်ရှိ ညွှန်ကြားချက်များကို ပြန်လည်စဉ်းစားသုံးသပ်လျက်ရှိသည်။ လက်ရှိ ညွှန်ကြားမှုများအရ ကယ်ဆယ်ရေး၊ ပို့ဆောင်ရေး၊ စောင့်ကြည့်ရေးနှင့် မိုင်းရှာဖွေရေးပစ္စည်းများကို ပြည်ပသို့ တင်ပို့ခွင့်ကန့်သတ်ထားရှိသည်။

ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်မှုကုန်ကျစရိတ်များလျှော့ချရန်နှင့် ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက် အစိုးရအနေဖြင့် ပြည်ပသို့ကာကွယ်ရေးပစ္စည်းများ တင်ပို့ရေးနှင့်စပ်လျဉ်း၍ မည်မျှဖြေလျှော့သွားမလဲဆိုသောအချက်ကို စောင့်ကြည့်သွားရမည်ဖြစ်သည်။ အခြားအချက်တစ်ခုမှာ ကာကွယ်ရေးစက်မှုလုပ်ငန်းများ အခြေခိုင်မာရေးအတွက် လိုအပ်သောဘဏ္ဍာငွေအရင်းအမြစ်ကို မည်သို့အထောက်အပံ့ပြုသွားမလဲဆိုသောအချက်ပင်ဖြစ်သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်တွင် ကာကွယ်ရေးပစ္စည်းများ ပြည်ပတင်ပို့မှုမြှင့်တင်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၀၇ သန်းရန်ပုံငွေထူထောင်ထားခဲ့သည်။ အစိုးရအနေဖြင့်လည်း ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်အမေရိကန်ဒေါ်လာ ဘီလီယံ ၃၃၀ သုံးစွဲသွားရန် လျာထားလျက်ရှိသည်။

ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲရေးအတွက် အကောက်ခွန်တိုးမြှင့်ကောက်ခံမည့် အစိုးရ၏မူဝါဒအပေါ် ပြည်သူများက အပြင်းအထန်ဆန့်ကျင်လျက်ရှိသည့်ကြားမှပင်လျှင် ကီရှီဒါက အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများအတွက် အကောင်းဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လုံလောက်မှုမရှိလျှင် အခွန်တိုးမြှင့်ကောက်ခံရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လွှတ်တော်၌ ပြောကြားသွားခဲ့သည်။ မည်သို့ပင်ဆိုစေ ကီရှီဒါအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်အတွက် အခွန်ငွေ တိုးမြှင့်မကောက်ခံသေးမီ ပြည်သူများ၏အသံကိုလည်း နားထောင်သွားရန်လိုအပ်ပေသည်။

ဂျပန်နိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်သုံးစွဲရာ၌ ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံတွင် ပါဝင်လျက်ရှိသည်။ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ယခင်နှစ်ကထက် ၇ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟုဆိုသည်။ ၂၀၂၃ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄ ဘီလီယံတောင်းခံခဲ့သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် လာမည့်ငါးနှစ်အတွင်း တိုင်းပြည်၏ ကာကွယ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်တောင်းခံထားရှိသည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးမြေပြင်တပ်ဖွဲ့ (JGS-DF)အနေဖြင့် ပြည်တွင်းထုတ်ဒုံးကျည်များ အဆင့်မြှင့်တင်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် Type 12 အမျိုးအစား ရေပြင်မှ သင်္ဘောပစ်ဒုံးကျည်ကို ပြည်တွင်း၌ သုတေသနပြုတည်ဆောက်သွားရန်ရှိနေသည်။ JGSDF သည် ကင်းထောက်ခြင်းနှင့် သတင်းအချက်အလက်စုဆောင်းသည့်မစ်ရှင်များထက် တိုက်ပွဲတွင်တိုက်ရိုက်အသုံးချနိုင်မည့် မောင်းသူမဲ့ယာဉ်များကိုလည်း တည်ဆောက်သွားရန်စီစဉ်ထားရှိသည်။

အမေရိကန်သည် တရုတ်နှင့် မြောက်ကိုရီးယားတို့၏ အသံထက်မြန်သောလက်နက်များကို ကာကွယ်နိုင်ရေးအတွက် ၎င်း၏မဟာမိတ်ဖြစ်သည့် ဂျပန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရေးရည်မှန်းချက်ဖြင့် အမေရိကန်ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိသော Standard SM-6 Block I အမျိုးအစားကြားဖြတ်ဒုံးကျည် ၃၂ စင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် PAC-3 ဒုံးကျည်စနစ်နှင့် ဒေါင်လိုက်ဆင်းသက်ပျံသန်းနိုင်သည့် F-35B အမျိုးအစား ဂျပန်တိုက်လေယာဉ်များကဲ့သို့သော နောက်ဆုံးပေါ်နည်းပညာနှင့် စစ်သုံးပစ္စည်းများကို ဝယ်ယူထားရှိသည်။ ဂျပန်နိုင်ငံအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲသွားမည်ဆိုလျှင် ထိုင်ဝမ်ကျွန်းနှင့် ဆန်ကာကူကျွန်းစုများအနီးရှိ ရေဒါစနစ်များကို ပိုမိုခေတ်မီအောင် အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။

ထိုသို့ ရေဒါစနစ်များ အဆင့်မြှင့်တင်နိုင်မည်ဆိုလျှင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) မှလေယာဉ်များကို တုံ့ပြန်နိုင်ရေး ကြားဖြတ်ပျံတက်နေရသော တိုက်လေယာဉ်များအတွက် ကုန်ကျစရိတ်များ သက်သာစေမည်ဖြစ်သည့်အပြင် ဂျပန်ရေပိုင်နက်အနီးတွင် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာသွားလာလှုပ်ရှားမှုများကို စောင့်ကြည့်နိုင်မည့် P-1 အမျိုးအစားကင်းလှည့်ရေယာဉ် တစ်စင်းကိုလည်း ထပ်ဆောင်းဝယ်ယူသွားနိုင်မည်ဖြစ်သည်။

ထို့ပြင် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲခြင်းသည် စစ်သုံးပစ္စည်းအသစ်များနှင့် ဆန်းသစ်သောကာကွယ်ရေးနည်းပညာများကို ထိန်းသိမ်းမည့်ကုန်ကျစရိတ်များကိုလည်း လွှမ်းခြုံနိုင်မည်ဖြစ်သည်။ အလားတူ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲခြင်းသည် ဂျပန်နိုင်ငံ၏ စီးပွားရေးလုံခြုံမှုကို မြှင့်တင်နိုင်သည့်အပြင် ကာကွယ်ရေးစက်မှုလုပ်ငန်းကိုလည်း ပြန်လည်ဆန်းသစ်စေနိုင်မည်ဖြစ်သည်။ နောက်ဆုံးအချက်အနေဖြင့် ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ ဖြစ်နိုင်ခြေရှိသော ဒုံးကျည်ပစ်ခတ်မှုများကို ဟန့်တားနိုင်သည့် ရန်သူကို တိုက်ခိုက်နိုင်သောစွမ်းဆောင်ရည်များကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ကမ္ဘာ့အဆင့် (၇) တွင် ရပ်တည်လျက်ရှိသော်လည်း ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ တစ်ရာခိုင်နှုန်းလောက်သာ ထိန်းထားဆဲပင်ဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ တစ်ရာခိုင်နှုန်းမှသည် နှစ်ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် အချိန်ကာလ ငါးနှစ်ကျော် ၁၀ နှစ်ခန့် ယူသွားရဖွယ်ရှိသည်။ ဆိုရလျှင် ဂျပန်နိုင်ငံ၏ပတ်ဝန်းကျင်တွင် လုံခြုံရေးဆိုင်ရာတင်းမာမှုများ မြင့်တက်လာသောကြောင့် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲရေးအတွက် စဉ်းစားသုံးသပ်သွားရန် လိုအပ်လာပြီဖြစ်သည်။ ထို့ပြင် အာရှ-ပစိဖိတ်ဒေသတွင်လည်း တရုတ်နိုင်ငံ၏ စစ်ရေးအင်အားကြီးထွားလာမှုနှင့် မြောက်ကိုရီးယား၏ ဒုံးကျည်များ ပစ်ခတ်စမ်းသပ်မှုများကြောင့် ဂျပန်နိုင်ငံ၏ဝန်းကျင်သည် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ ပိုမိုမြင့်တက်လာလျက်ရှိသည်ဟု ဂျပန်နိုင်ငံက ရှုမြင်လျက်ရှိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် တိုင်းပြည်၏ ကာကွယ်ရေးအသုံးစရိတ်ကို လက်ရှိအသုံးပြုလျက်ရှိသော GDP ၏ တစ်ရာခိုင်နှုန်းမှသည် နှစ်ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့်ကုမ္ပဏီများ ရေရှည်ရပ်တည်နိုင်ရေးအတွက်လည်း ဘဏ္ဍာငွေမတည်ပေးသွားရန် စီစဉ်လာကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**Japan Ups Profits for Its Defense Industry by The Diplomat.**

မောင်စိန်အိ(နဘဲမြေ)

# An opening speech sent by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the ceremony to mark the International Women's Day

## 8 March 2023



Senior General Min Aung Hlaing sends opening address to the ceremony to mark the International Women's Day.

**Everybody, Mingalaba!**

I would like to extend greetings first with the best wishes for all guests attending today's International Women's Day 2023 to be physical and mental well-being with auspiciousness.

Number of women, more than a half of the global population, is a primary force in global countries and they have been marking the International Women's Day throughout the world with the aim of emphasizing the creation of opportunities of women for focusing on entitlement and capability of women.

The United Nations annually sets the themes for the women's day and this year's theme was set as "Digit ALL: Innovation and technology for gender equality" which means studies on impacts in gender diversity in the digital technological sector. It highlights the importance of tackling the violence based on technological gender.

Creating chances for women and vulnerable groups to have access to technology are to fulfill the requirement of women as well as help emerge the good potentials for creating knowledge and innovativeness so as to enhance gender equality. Lack of chance for women in the technological sector causes large costs. According to the UN Women's Gender Snapshot 2022, setting aside the women from the digital world caused US$1 trillion loss in GDP of low-income countries and middle income countries within a decade. If anyone can do nothing for such a case, the loss will amount to US$1.5 trillion in 2025.

Not to happen so, it is necessary to tackle the cyber violence problems. According to the survey of 51 countries, 38 per cent of women themselves faced online violence. Number of women who spent longer time online during the Covid-19 period increases in suffering the online and information technological violence, according to the survey report.

However, it is necessary to consider that the chances based on advancement of digital technological help continue existence of gender inequality. As the survey mentioned that women gets lesser results in digitally gender discrimination and the gender inequality in the digital skill arena is high, I would like to urge all to take care of these points.

All countries are fulfill the needs for empowermen of women in gender equality. Although women enjoy the equal term of rights, there are many requirements in gender equality in accord with the prescribed cuture of relevant countries and traditions and customs. Everybody knows some hindrances can be seen in reform process.

The information age commenced in 1990, and rapid development of computer technology and science and technology and information technology contribute much to all sectors. Currently, rapid advancement of digital technology and wider connections help take information, socio-econo,oc development opportunities through digital technology, and learning knowledge for accumulation so as to contribute much to daily life of the people. In order to enable both men and women to the sustainable development goals while enjoyig these technological advantages, it is necessary to arrange innovation, enhancement of technological and digital knowledge for approaching the gender affairs, accessing the technology and giving technological training.

The policy on gender affairs was mentioned in the entitlement and all-inclusiveness of the pillar-1 of the Human Resources Developemtn Sector, Advance Science and Technology Sector in Chapter V of the Science, technology and innovative strategic plan (2022-2027) drawn by the Advanced Science and Technology Departmetn under the Ministry of Science and Rechnology. Such a strategic plan was created in connection with the National Comprehensive Development Plan-NCDP.

Our country conducts the necessary human resources development courses and technological courses. If the trainees are in line with relevant criteria, it can be seen that chances are created for all trainees without gender discrimination. Attendance rate of women at the technological and computer universities accounted for 40 per cent from 2016 to 2019 but 48 per cent in 2020.

if women have access to technology and are digitlally skillful in use of the monetary services based on digital tehnology, they will have the chance to operate more vocational businesses. And, only when those women can do own businesses without any dependence will their socio-economic life improve and will State economic development measures affect much.

Improvement of refreshed technologies brings advantages. On the other hand, applying technologies to exploit women with cyber-bullying and intimidation as well as force to commit terror acts and crimes are still happening.

Based on the interim census population in 2029, some 86 per cent of households of Myanmar possess at least one mobile phone. With regard to applying the internet, 56 per cent of households of the country use internet at home, accounting for 74.7 per cent in urban and 48.8 per cent in rural areas. It is expected that the percentage of internet users would rise after 2019. Currently, all children starting the school age children are friendly in mobile phones.

Using mobile phones by the majority of children, youths and girls can enjoy the good result but they may face danger with lack of result in wrongly applying it. So, parents, teachers and guardians are responsible for those users not to derail from the ways of seeking general knowledge for life development through using mobile phones. So also, it is necessary to carry out sharing of knowledge through media. If so, the correct human resources will come out for the nation so as to build a comprehensive society.

In ASEAN region, the action plan for the whole ASEAN has been schemed for protecting children including girls against exploitation and abuse on the internet.

In reviewing the international conventions for enabling the women to enjoy equal term of rights and overcome discrimination, the UN General Assembly held on 18 December 1979 adopted the Convention on the Elimination of All Forms of Discrimination Against Women-CEDAW which mentions entitlements in political, economic, social and cultural sectors, and it pledges comprehensive development of a country, and it needs to raise the participation of women shoulder to shoulder with men in all arenas as much as possible for having the prosperity and peace making process across the world.

Myanmar signed the Convention on the Elimination of All Forms of Discrimination Against Women-CEDAW in 1997 and is deeply implementing the provisions of the convention as it is a member of the convention. According to the interim census population in 2029, the information mentioned 46.8 per cent of men and 53.2 per cent of women in the 54.9 million of population in Myanmar. It mentioned that emphasizing the development of women's sector would affect improvement of the nation.

Hence, the government formed the Myanmar National Committee for Women's Affairs and regional committees at different levels, especially implementing the improvement of women's life in enhancement of socio-economic life of girls, gender equality in all sector and wider realization of the women's sector. In so doing, the national strategic plan for women development (2013-2022) has been implemented for its all sectors.

As the national strategic plan came to a close in 2022. So, the steering committee and 12 work committees have been formed for drawing the new strategic plan (2023-2032). I would like to urge all to draw the comprehensively stragetic plan focusing on gender equality in all sectors, enhancement of women's capacity and narrowing the rural and urban development gap based on modern technologies and relevant work committees are to actively participate in their assignments in order to connect with the projects of relevant ministries and organizations.

I would like to express my acknowledgement for taking pride in capacity of women who shoulder with men in political, economic and social processes to protect and develop the interests of families, society, country and nationality along the history of Myanmar.

It is necessary to draw new policies, procedures and laws which need to overcome hindrances and challenges the women and girls traditionally face. Meanwhile, needs to effectively protect the women and girls under the existing laws should be amended in conformity with current situations.

In conclusion, I would like to say that today is the knowledge age and the well-versed human resources play a crucial role for development of a country. Hence, the women accounting for more than a half of country population are a powerful force in building the Union based on democracy and federalism and they are very valuable and powerful human resources.

As the majority of women are mother of offspring as well as early teachers of students, they play a key role in nurturing the youths for the future of nation.

I would like to urge all to collaboratively participate in applying the capacity of women and girls as valuable human resources in all sectors with narrowing the urban and rural development gap and creating chances for women keeping abreast of men to have a sustainable developed future in line with the motto: Digit All: Innovation and technology for gender equality set as the theme of this year's International Women's Day.

**Thank you all.**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays obeisance to Inlay Phaung Daw Oo pagoda



Senior General Min Aung Hlaing pays homage to Buddha images.

**Nay Pyi Taw March 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, the entourage, the chief minister of Shan State, the commander of the Eastern Command and officials, paid obeisance to Inlay Phaung Daw Oo pagoda in Inlay region in Nyaungshwe Township, Shan State (South) this afternoon.

First, the Senior General and party were warmly welcomed Chairman U Win Myint of the pagoda board of trustees, departmental officials and town elders. Then, the Senior General and party paid obeisance and offered flowers, water and gold robes to Buddha images at the pagoda before signing the guest book of the pagoda.

Afterwards, the Senior General and wife presented cash donations for all-round renovation of the pagoda to the chairman and members of the pagoda board of trustees, who gave Dhamma gifts to the Senior General in return.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla pay homage and offer alms to Phaung Daw Oo Pagoda Sayadaw.

Then, the Senior General and party paid obeisance to Phaung Daw Oo Pagoda Sayadaw Bhaddanta Vizaya at the Sein Hnint Mya Monastery in the precinct of the pagoda and offered alms and cash donations to the Sayadaw. The Senior General asked after the health of the Sayadaw and discussed matters related to the durability of the pagoda before seeking sermon from the Sayadaw.



Senior General Min Aung Hlaing receives a Dhamma gift.

Then, the Senior General and party viewed round local traditional products and traditional costumes shops and gave instructions to responsible officials on providing necessary technologies and assistance to improve the qualities of products in Inlay, measures to be taken for implementation of 'One village, one product' program and arrangements to enable local and foreign pilgrims to pay obeisance to the pagoda in peace of mind during the upcoming summer holiday.

Afterwards, the Senior General and party view round the Inlay Lake and potentials for development and environmental conservation in Inlay region by motorboat. 100



Senior General Min Aung Hlaing signs the guest book of the pagoda.

# Kachin State cooperative societies grow more than 5,000 acres of oil crops

**Myitkyina March 8**

The Ministry of Cooperatives and Rural Development on 3 March stated that more than 5,000 acres of oil crops are being grown by cooperative societies in Kachin State to ensure oil sufficiency and reduce import of oil.

Kachin State has 774,000 acres of net cultivable lands. Hence, a plan was adopted to ensure oil sufficiency and reduce import of cooking oil in Kachin State.

At present, local farmers of cooperative societies and Kachin State Cooperative Department are engaging in cultivation of oil crops, canola, sesame, groundnut and sunflower.

A total of 28 cooperative societies in 13 townships and four cooperatives from two townships through contract farming system are implementing the cultivation of oil crops.

They grow 893 acres of canola, 628 acres of sesame, 2,113 acres of groundnut and 905 acres of sunflower in 13 townships, totalling 4,539 acres whereas 256 acres of groundnut and 119 aces of sunflower are being grown in two townships through contract farming system, totalling 645 acres.

Hence, 32 cooperative societies in 15 townships of Kachin State are engaged in cultivation of 5,184 acres of oil crops.

These oil crops will be milled to supply cooking oil to members of cooperative societies and other people for ensuring oil sufficiency of Kachin State.

336

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects No 2 Steel Mill (Pinpet) Project





Senior General Min Aung Hlaing visits No.2 Steel Mill (Pinpet).

**Nay Pyi Taw March 8**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC members, Union ministers, the Shan State chief minister, senior military officers from Office Commander-in-Chief, the Eastern Command commander and officials, inspected No 2 Steel Mill (Pinpet) of No 1 Heavy Industries, Ministry of Industry, near Pinngo village, Pinpet area, Taunggyi Township, this morning.

At the briefing hall of the mill, Union Minister for Industry Dr Charlie Than and Deputy Minister U Yin Maung Nyunt reported on resumption of the No 2 Steel Mill (Pinpet) Project on 4 October 2021 in accord with the guidance given by the Senior General during his inspection of the mill in 2021, the evolvement of the project and steps to resume its operations, progress in implementing the project and mechanical repair, systematization of the mill by a technical team.

Next, Chairman of Myanmar Economic Corporation Lt-Gen Nyo Saw and Union Minister for Natural Resources and Environmental Conservation U Khin Maung Yi presented a report on operations carried out by MEC and Process Engineers from Tyazhpromexport (TPE) of Russian Federation, mechanical inspection carried out at all sections of workshops, progress in making mechanical repairs, replacements and installations, available volume of iron ore and industrial raw materials for the project, and ceiling limit.

As regards the reports, the Senior General said steel is essential for nation-building task. The steel mill projects must be successful as domestic steel demand is high. The mills will help the country fulfill its demand for steel and iron, basic requirements for national development, without needing to import them, and generate job opportunities. Moreover steel products have a stable market. Hence, it is a must to successfully implement the Pinpet steel mill project. The project was implemented amidst financial and technological difficulties. Sadly, the project was halted in 2017 without any knowledge of it and any strategic outlook. Steel is an essential item in building a modern country.

Unlike forests, underground natural resources are not renewable. They are age old natural formations. So, regulations are required to tap them only for the areas that are actually beneficial for the country. The right to management the country's above ground and underground resources is in the hands of citizens, and the strength of the nation lies within. People must nurture their self-confidence in carrying out the project with national strength. The country will not need to rely on others if it has competent human resources. Ministries should develop human resources under long-term plans. The Union will adopt policies that ensure success, but actual success of the policies and projects depends on ministries. Systematic and effective procedures must be applied in implementing the projects through a long-term vision. As the mill uses Romelt, the newest steel smelting method in the world, uninterrupted production process and sector-wise links must be prioritized. A third party must serve as a body to inspect quality and functions.

The Senior General and party looked around iron ore processing sector, raw material storage and distribution sector, waste-to-energy plant, smelting sector, molding sector, raw iron storage sector, high-pressure air compressors in the mill and looked into the requirements. The Senior General presented cash award for the staff through officials.

No 2 Steel Mill (Pinpet) was launched by Tyazhpromexport (TPE) of Russian Federation and MEC on 5 September 2006. The mill was transferred to Ministry of Industry on 1 October 2012. It operations were temporary halted on 15 March 2017. During inspection of the mill on 1 October 2021, the Senior General gave guidance and pointed out the need to successfully implement the No 2 Steel Mill (Pinpet) as local steel demand was high. In accord with the guidance, the mill resumed operations on 4 October. Test run of 19 sectors of the 22 sectors (workshops) has been conducted till now. It is an ongoing project. 100



Senior General Min Aung Hlaing hears report on steel mill operation.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win receives delegation led by director of operations of International Committee of Red Cross


Vice-Senior General Soe Win receives a delegation led by Director of Operation of the International Committee of the Red Cross Mr. Martin Scheuepp.

**Nay Pyi Taw March 8**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win received a delegation lead by Director of Operation of the International Committee of the Red Cross Mr. Martin Scheuepp at the parlour of the Diplomat Hall of the Office of the Chairman of the SAC in Nay Pyi Taw at 3 pm today.

During the call, they frankly discussed provision of humanitarian assistance to internally displaced persons, the needs to monitor the provision of aids offered by the ICRC so that they arrive in the hands of people who actually need them and resumption of visits to prisoners and their families, which has been suspended due to the outbreak of COVID-19.

Also present together with the Vice-Senior General were union ministers Lt-Gen Soe Htut, Dr Thet Khaing Win and Dr Thet Thet Khaing and Deputy Minister Maj-Gen Aung Lin Tun. The director of operations was accompanied by ICRC Regional Director for Asia and the Pacific Ms.Christine Cipolla and ICRC Resident Representative Ms. Elean Ajmone Sessera. 100

# More than 5 million tons of rice kept at home till 27 February 2023

**Nay Pyi Taw March 8**

The Myanmar Trade Promotion Organization on 2 March stated that more than 5 million tons of rice is kept at home till 27 February 2023.


In 2022-23 fiscal year, farmers planned to grow 15.003 million acres of monsoon paddy and 2.632 million acres of summer paddy, totalling 17.635 million acres but exceeded cultivation of 14.931 million acres of monsoon paddy, accounting for 99.52 per cent.

In harvesting monsoon paddy, a total of 14.92 million acres has been harvested till 31 January 2023. Monsoon paddy yields 73.11 baskets per acre. On 27 February, there remains 5.26 million tons of rice at home.

In 2022-23 fiscal year, a plan was set to grow 2.632 million acres of summer paddy but actually cultivated 1.907 million acres, accounting for 72 per cent against the target.

Wadan rice brokerage on 3 March trades K63,000 to K75,000 per bag of Pawsan, K70,000 to K77,000 per bag of Taungbyan, K58,000 to K65,000 per bag of Kunni/Pawkywe, K56,000 to K65,000 per bag of 90-day rice, K51,000 to K60,000 per bag of Theehtet and K75,000 to K85,000 per bag of Shwebo Pawsan.

336


A large stockpile of rice in a warehouse.

# Two survivors of Mexico kidnapping recovering in US hospitals

**Mexico March 8**

Two surviving Americans who were were kidnapped at gunpoint in Matamoros, Mexico last week are being treated at US hospitals.

Their two friends who were also abducted died during the incident.

One man, identified only as José "N", 24, from Tamaulipas, has been arrested.

Latavia Washington McGee is recovering at the hospital with no injuries while Eric Williams is at a Texas hospital to undergo surgery for three gunshot wounds in his leg, his wife told CNN.

Michelle Williams said the news her husband was alive brought relief to her and their 11-year-old son, she told local ABC affiliate WBTW.

"My heart is breaking for the other two families that don't get to say the same," she said.

Shaeed Woodard and Zindell Brown died after unidentified gunmen opened fire as the group of four drove a white minivan on 3 March through Matamoros, a city of 500,000 people located directly across the border from the Texas town of Brownsville.

A Mexican woman, believed to be a 33-year-old bystander more than one block away, was killed in last Friday's incident.

The group had travelled from South Carolina and crossed the border into Mexico because Ms McGee had an appointment for a tummy tuck, a cosmetic surgery procedure to remove abdominal fat, her relatives said.

The four Americans were found at a wooden shack outside Matamoros after being transferred to various locations between the kidnapping on Friday and their discovery on Tuesday "to create confusion", Mexican officials said on Tuesday.

BBC

# Chinshwehaw border trade camp plans to manage US$45 million of trade value in March

**Chinshwehaw March 8**

The Ministry of Commerce on 3 March stated that a plan was set to manage US$45 million in trade value at Chinshwehaw border trade camp.

Chinshwehaw camp stands the second position after Muse camp along Myanmar-China border land. It can exceed the target of trade value with trade surplus.

In February 2023, the camp handled US$28 million worth of export volume and US$7 million worth of import goods, totalling US$35 million with US$9.597 million of trade surplus, exceeding US$9.597 million rather than the target.

Chinshwehaw camp holds meetings among OSS departments, partner organizations, chairmen of Kunlong, Hopang, Chinshwehaw and Laukkai border trade merchant associations, merchants and companies to talk about development of the border trade zone and smooth process of trade.

On 23 February morning, Chinshwehaw-Mengdein gate stated allowing the entry and exit of travellers and vehicles so as to improve trade volume of the trade camp.

In March this year, Chinshwehaw camp set a plan to manage US$45 million of trade value with US$35 million for exportation and US$10 million for importation. 336


A cargo truck seen near Chinshwehaw border trade camp.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တရုတ်နိုင်ငံက Hypersonic လေကြောင်းသဏ္ဍာန်တူတိုက်ပွဲတစ်ခုတွင် F-35 တိုက်လေယာဉ်ပုံစံတူကို ဖျက်ဆီးနိုင်ခဲ့



တရုတ်နိုင်ငံသည် Hypersonic လေကြောင်းသဏ္ဍာန်တူ တိုက်ပွဲတစ်ခုတွင် F-35 တိုက်လေယာဉ်ကဲ့သို့ အသွင်အပြင်ပုံစံတူ ပြုလုပ်ထားသော တိုက်လေယာဉ်တစ်စင်းကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း အခိုင်အမာပြောကြားခဲ့သည်ဟု Defence Post တွင် မတ် ၄ ရက်က ရေးသားဖော်ပြထားသည်။

အဆိုပါ စမ်းသပ်မှုကို Nanjing University of Aeronautics and Astronauttics မှ ပါမောက္ခဦးဆောင်သည့် တရုတ်သုတေသီအဖွဲ့တစ်ဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အသံ၏အမြန်နှုန်းထက် ပိုမြန်သော ရန်သူတိုက်လေယာဉ်ကို ပစ်ချရန် နည်းဗျူဟာများ တီထွင်အသုံးပြုသွားနိုင်ရေး ကြိုးပမ်းခဲ့ခြင်းလည်းဖြစ်သည်။

ကွန်ပျူတာဖြင့် သရုပ်ဖော်လေ့ကျင့်မှုတွင်ပါရှိသော ရန်သူ၏တိုက်လေယာဉ်သည် အမေရိကန် F-35 တိုက်လေယာဉ်၏အမြင့်ဆုံးအမြန်နှုန်းနှင့် တူညီလုနီးပါး Mach 1.3 အမြန်နှုန်းထိ ပြုလုပ်ထားခဲ့ကြောင်း သိရသည်။

တရုတ်လေယာဉ်ကို ပေးထားသည့်အမိန့်မှာ ပစ်မှတ်ဆီသို့တည့်တည့်ဦးတည်ကာ တိုက်ခိုက်ဖျက်ဆီး ပျက်ပြယ်သွားစေရန်ဖြစ်သည်။

ဉာဏ်ရည်တု (AI)၏ အကူအညီဖြင့် လေယာဉ်မှူးသည် လေယာဉ်ကို Mach 11 အမြန်နှုန်းဖြင့် ထိန်းကျောင်းနိုင်ခဲ့ပြီး ရန်သူစစ်လေယာဉ်၏အရှေ့ဘက် (ကီလိုမီတာ ၃၀) (၁၉ မိုင်) အကွာအဝေးတွင် နေရာယူပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် လေယာဉ်မှူးသည် ပါရှိလာသည့် ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ခဲ့ပြီး ရှစ်စက္ကန့်မပြည့်မီ လေကြောင်းတိုက်ပွဲကို အဆုံးသတ်နိုင်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့သည့် သုတေသီအဖွဲ့၏အဆိုအရ လေကြောင်းတိုက်ပွဲသရုပ်သဏ္ဍာန်သည် တရုတ်နိုင်ငံ၏ Hypersonic တိုက်လေယာဉ်များအတွက် အကွာအဝေးမြင့်မားစွာ တိုက်ပွဲဝင်နိုင်မှုစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Mach 5 အမြန်နှုန်းအထက် သွားလာနေသည့် တိုက်လေယာဉ်များတွင် တာဝေးပစ်ဒုံးကျည်များကို ပစ်လွှတ်ရန်အတွက် လိုအပ်သောပစ်ခတ်မှုထိန်းချုပ်ရေးစနစ်များမပါဝင်ကြောင်း သိရသည်။

သို့သော်လည်း တရုတ်နိုင်ငံ သုတေသီအဖွဲ့က တီထွင်ထားသည့် ဉာဏ်ရည်တု (AI) သည် Hypersonic လေယာဉ်များ၏တိုက်ပွဲစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Hypersonic လေယာဉ်သည် ဝေဟင်မှ ဝေဟင်ပစ်မစ်ရှင်များကို လုပ်ဆောင်နေချိန်တွင် ၎င်းသည် တာတိုကျော်လွန်ပစ်ခတ်နည်းစနစ် (Over The Shoulder Launch) အသုံးပြု၍ ပစ်မှတ်ရှေ့ ပိုမိုဝေးကွာသောနေရာမှ လက်နက်များပစ်လွှတ်တိုက်ခိုက်ခြင်းဖြင့် စစ်နယ်ဝန်းအပြင်ဘက်မှနေ၍ တိုက်ပွဲဝင်နိုင်စွမ်းကို ပြသနိုင်ခဲ့ခြင်းဖြစ်သည်ဟု တရုတ်သုတေသီအဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

သုတေသနပညာရှင်များက ၎င်းတို့သည် လှိုင်းလုံးကြီးဟုတင်စားခေါ်နိုင်မည့် Multi-Wave တိုက်ခိုက်မှုများကို လားရာပေါင်းစုံမှ လုပ်ဆောင်ရန်အတွက် Hypersonic လေယာဉ်များကိုအသုံးပြုနိုင်စေရန် ဉာဏ်ရည်တု (AI) ကို ပိုမိုစူးစမ်းလေ့လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**China Neutralizes 'F-35-Like' Fighter in Hypersonic Air Battle Simulation ကို ဘာသာပြန်ဆိုထားပါသည်။**

## Rheinmetall ကုမ္ပဏီက ယူကရိန်းသို့ အလိုအလျောက်ကင်းထောက်စနစ်များကို စတင်ပေးပို့

Rheinmetall ကုမ္ပဏီသည် စစ်ဘေးသင့်နိုင်ငံကို ပံ့ပိုးကူညီရန် ဂျာမနီအစိုးရ၏ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် ယူကရိန်းတပ်မတော်သို့ Surveil SPIRE အလိုအလျောက်ကင်းထောက်စနစ်များကို စတင်ပေးပို့နေပြီဖြစ်ကြောင်း Army-Technology သတင်းရင်းမြစ်က မတ် ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

Rheinmetall ကုမ္ပဏီသည် Surveil SPIRE ဟုအမည်ပေးထားသည့် အဆိုပါ အလိုအလျောက် ကင်းထောက်စနစ်အသစ်များကို ပံ့ပိုးရန်အတွက် ယူကရိန်းသို့ ယူရိုသန်း ဂဏန်းနှစ်လုံးတန်ကြေးရှိ စာချုပ်တစ်ရပ်ဖြင့် သဘောတူလုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါ Surveil SPIRE အလိုအလျောက် ကင်းထောက်စွမ်းဆောင်ရည်သစ်ကို Estonian ကုမ္ပဏီ Def SecIntel နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

သဘောတူညီထားသော စာချုပ်တွင် ကုမ္ပဏီနှစ်ခုသည် ယူကရိန်းတပ်ဖွဲ့များသို့ ဆက်စပ်သယ်ယူပို့ဆောင်ရေးယာဉ်များ ပံ့ပိုးပေးရန်လည်း လိုအပ်မည်ဖြစ်သည်။

Def SecIntel က တည်ဆောက်ထားသောစနစ်ကို တပ်ဖွဲ့ဝင်လိုအပ်ချက်အနည်းဆုံးပမာဏဖြင့် စစ်မြေပြင်တစ်ဝိုက်ပတ်ဝန်းကျင် ဆက်စပ်ဧရိယာကြီးများနှင့် အခြားမြေပြင်အနေအထားများကို စောင့်ကြည့်ရန်အတွက် အဓိကအသုံးပြုသွားမည်ဖြစ်သည်။

Surveil SPIRE အလိုအလျောက်ကင်းထောက်စနစ်တစ်ခုလုံးတွင် မိုဘိုင်းစောင့်ကြည့်ရေးမျှော်စင်များ၊ ထိန်းချုပ်မှုစနစ်နှင့် အလိုအလျောက်မောင်းနှင်သောအသေးစားဒရုန်းများ ပါရှိမည်ဖြစ်သည်။ ဤစနစ်တပ်ဆင်ပေးထားသောတာဝါတိုင်များတွင် နေ့ရောညပါ အသုံးပြုနိုင်သောကင်မရာများ တပ်ဆင်ထားမည်ဖြစ်သည်။

Rheinmetall ကုမ္ပဏီ၏ အဆိုအရ ကင်းထောက်စနစ်သည် စစ်ဆင်ရေးဧရိယာတစ်ခုမှတစ်ခုသို့ အလွယ်တကူသယ်ယူရွှေ့ပြောင်းနိုင်ပြီး နောက်တွဲယာဉ်များပေါ်တွင် လျင်မြန်စွာတင်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ကင်းထောက်စောင့်ကြည့်မှုကို လုံးဝအလိုအလျောက်လုပ်ဆောင်နေချိန်တွင် တပ်ဖွဲ့ဝင်သုံးဦး၏အကူအညီဖြင့် ဖြန့်ကြက်အသုံးပြုနိုင်မည်။

ထို့ပြင် Surveil SPIRE အလိုအလျောက် ကင်းထောက်စနစ်တွင် စုဆောင်းရရှိထားသောဒေတာနှင့် ဗီဒီယိုများကို မိုဘိုင်းအမိန့်ပေးထိန်းချုပ်ရေးဌာနသို့ လျင်မြန်လွယ်ကူစွာပို့ဆောင်နိုင်စေရန်အတွက် Starlink နှင့် 4G အပါအဝင် ကြိုးမဲ့ဆက်သွယ်ရေးလင့်ခ်များ ပါဝင်သည်။

Surveil SPIRE အလိုအလျောက်ကင်းထောက်စနစ်သည် စဉ်ဆက်မပြတ်လည်ပတ်မှုများကို ပံ့ပိုးပေးရန်အတွက် ဆိုလာပြားများဖြင့် တပ်ဆင်ထားသောကြောင့် လောင်စာအရင်းအမြစ် သို့မဟုတ် ပါဝါကြိုးများမပါဘဲ လုပ်ဆောင်နိုင်သည်။



ဒေတာစုဆောင်းမှုအတွက် Surveil SPIRE အလိုအလျောက်ကင်းထောက်စနစ်သည် ကင်းလှည့်ခြင်းလုပ်ငန်းတာဝန်များနှင့် အခြားမစ်ရှင်သတ်မှတ်ပျံသန်းမှုများကိုလုပ်ဆောင်ရန် ၎င်း၏အလိုအလျောက်မောင်းသူမဲ့ ကင်းထောက်ဒရုန်းများပေါ်တွင် မှတည်လုပ်ဆောင်လေ့ရှိသည်။


၎င်းက ရှာဖွေထောက်လှမ်းတွေ့ရှိထားသောခြိမ်းခြောက်မှုများ စိစစ်စစ်ဆေးခြင်းကို အထောက်အကူဖြစ်စေပြီး လက်နက်ကိုင်တပ်ဖွဲ့များ လိုအပ်သောတန်ပြန်လုပ်ဆောင်ချက်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

Rheinmetall ကုမ္ပဏီသည် ယူကရိန်းအတွက် ၃၅ မီလီမီတာ ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်းနှင့် ပေးပို့ခြင်းအတွက် ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနထံမှ ဇန်နဝါရီလက စာချုပ်တစ်ခုရရှိခဲ့ပြီးဖြစ်သည်။

**Rheinmetall starts supplying reconnaissance systems to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။**

[၂] **ရှေ့ဖုံးမှအဆက်**

စီမံကိန်း အကောင်အထည်ဖော်ဆောင်မှုများရပ်တန့်ထားသည့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြန်လည်စတင်ဆောင်ရွက်ခဲ့မှု၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းဖြစ်ပေါ်လာပုံနှင့်စီမံကိန်းပြန်လည်လည်ပတ်နိုင်ရေးအတွက်ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ တိုးတက်မှုများနှင့် ချို့ယွင်းချက်များဖြစ်ပေါ်နေသည့် အစိတ် အပိုင်းများကိုပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာစစ်ဆေးရေးအဖွဲ့တို့က စနစ်ကျနမှုရှိစေရေးစစ်ဆေးဆောင်ရွက်ခဲ့မှုနှင့်စီမံကိန်းအကောင်အထည်ဖော်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpro-mexport (TPE) မှ Process Engineer များဖြင့်လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊အလုပ်ရုံအသီးသီးရှိ စက်ကိရိယာများကို စစ်ဆေးခဲ့မှု၊ပြုပြင်ရန်လိုအပ်သည်များ၊ အစားထိုးလဲလှယ်ရန်လိုအပ်သည့် စက်ကိရိယာများကိုပြုပြင်ခြင်းများနှင့် မှာယူတပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းအတွက် လိုအပ်မည့် သံရိုင်းသတ္တုနှင့် စက်မှုကုန်ကြမ်းတွင်းထွက် သတ္တုများထုတ်ယူရရှိနိုင်မှုပမာဏနှင့်ခွင့်ပြုပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **နိုင်ငံတည်ဆောက်ရေးတွင် သံမဏိသည်မဖြစ်မနေလိုအပ်သည့် ပစ္စည်းဖြစ်ပြီး ပြည်တွင်းသံမဏိလိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် သံ၊ သံမဏိထုတ်ကုန်များကို ပြည်ပသွင်းကုန်အဖြစ်တင်သွင်းရန်မလိုဘဲ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ခိုင်မာသည့် ဈေးကွက်ရှိခြင်းတို့ကြောင့် မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရန်လိုအပ်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ **ယခုစီမံကိန်းကို ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများကြားမှ အကောင်အထည်ဖော်ဆောင်ခဲ့ရခြင်းဖြစ်သော်လည်း စီမံကိန်းအပေါ်နားလည်မှုနှင့် မဟာဗျူဟာမြောက်အမြင်မရှိဘဲစီမံကိန်းကို ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းခဲ့၍ နိုင်ငံတော်အတွက် များစွာနစ်နာခဲ့ရ**ကြောင်း၊ ခေတ်မီနိုင်ငံတစ်ခုတည်ဆောက်ရေးအတွက် သံမဏိလိုအပ်ချက်သည် မလွဲမသွေရှိနေမည်ဖြစ်ကြောင်း။

မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲမှုနှင့်ပတ်သက်၍ မြေအောက်သယံဇာတများသည် သစ်တောသစ်ပင်များကဲ့သို့ ပြန်လည်စိုက်ပျိုး၍ ရရှိနိုင်သည်မဟုတ်ဘဲ နှစ်ပေါင်းများစွာကြာမြင့်မှသာလျှင် သဘာဝအလျောက်ဖြစ်တည်လာနိုင်သည်ဖြစ်သည့်အတွက် နိုင်ငံအတွက် အကျိုးရှိသည့်နေရာများတွင်သာ အသုံးချရန်နှင့် ထုတ်ယူသုံးစွဲမှုများကိုထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူနိုင်ငံသားတို့၏ လက်ဝယ်တွင်သာရှိရမည်ဖြစ်**ပြီး တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည်ဟူသည့် စိတ်နှင့် ယုံကြည်မှုကိုတည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန်လိုအပ်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် **တိုင်းပြည်အတွက် ရေရှည်အကျိုးကိုကြည့်၍ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ကြစေလို**ကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ငန်းများအောင်မြင်စေရေး မူဝါဒများကိုချမှတ်ပေးမည်ဖြစ်ပြီး အမှန်တကယ်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်မှာ ဝန်ကြီးဌာနများ၏တာဝန်သာဖြစ်ကြောင်း၊**စီမံကိန်းအကောင်အထည် ဖော်ဆောင်မှုများကို ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ပီပီပြင်ပြင်ဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ရေရှည်ကိုကြည့်၍ ဆောင်ရွက်ကြရန်လို**ကြောင်း၊ **ကမ္ဘာ့ပထမဆုံးသံရည်ကျိုနည်းစဉ် Romelt ကိုအသုံးပြုထားသဖြင့် အလုပ်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်များစဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေးနှင့် အလုပ်ရုံများအချင်းချင်းချိတ်ဆက်၍ ထုတ်လုပ်မှုဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များအလိုက် စနစ်တကျနှင့်အလေးထားဆောင်ရွက်ကြရန်လို**ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် အရည်အသွေးစစ်ဆေးမှုများကို Third party ဖြင့် စစ်ဆေးမှုများနှင့် မှတ်တမ်းထားရှိမှုများပြုလုပ်ထားရှိရန် လိုကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းလှည့်လည်၍ သံသတ္တုရိုင်းပြုပြင်ရေးအလုပ်ရုံ၊ကုန်ကြမ်းသိုလှောင်ဖြန့်ဖြူးရေးအလုပ်ရုံ၊ဓွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ၊ သံရည်ကျို အလုပ်ရုံ၊ သံစိမ်းတုံးပုံလောင်းအလုပ်ရုံ၊ သံစိမ်းတုံးသိုလှောင်သည့်နေရာ၊ ဗိအားမြင့် လေထုတ်အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport(TPE)နှင့်မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ ၂၀၀၆ ခုနှစ် ဇက်တင်ဘာ ၅ ရက်တွင် စတင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စက်မှုဝန်ကြီးဌာနသို့လွှဲပြောင်း၍ ဆက်လက်အကောင်အထည်ဖော်ခဲ့ကြောင်း၊ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများကို ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်တွင် ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် ပြည်တွင်းသံမဏိလိုအပ်ချက်များစွာရှိသဖြင့် သံမဏိထုတ်လုပ်ရေးစီမံကိန်းများကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း လမ်းညွှန်မှာကြားချက်များအရ အောက်တိုဘာ ၄ ရက်တွင် ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်အထိစီမံကိန်းရှိ အလုပ်ရုံ ၂၂ ရုံအနက် ၁၉ ရုံကို ဝန်မပါစမ်းသပ်လည်ပတ်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**



# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေးပို့ပြောကြားသည့် အဖွင့်အမှာစကား

၂၀၂၃ ခုနှစ် မတ်လ ၈ရက်

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ဧည့်သည်တော်များအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးများဟာ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အဓိကကျတဲ့ အင်အားစုကြီးဖြစ်ပြီး အမျိုးသမီးတွေရဲ့အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ပိုမိုအာရုံစိုက်မိလာစေဖို့နဲ့ အမျိုးသမီးတွေရဲ့ အခွင့်အရေးတွေကို အလေးထားအကောင်အထည်ဖော်နိုင်စေဖို့ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာတစ်ဝန်းမှာနှစ်စဉ်ကျင်းပကြပါတယ်။

ကုလသမဂ္ဂက အမျိုးသမီးများနေ့အခမ်းအနားကျင်းပနိုင်ရေးဆောင်ပုဒ်များကို နှစ်စဉ်ချမှတ်ပေးလျက်ရှိရာ ယခု ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဆောင်ပုဒ်ကတော့ **"ကျားမတန်းတူညီမျှဖို့ နည်းပညာနဲ့ဆန်းသစ်စို့"** **(DigitALL: Innovation and technology for gender equality)**ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ရဲ့ ဆိုလိုချက်ကတော့ စီးပွားရေးနဲ့လူမှုရေးအပေါ် မညီမျှမှုများပိုမိုဖြစ်ပွားစေတဲ့ ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍမှာ ကျားမကွာဟမှုဆိုင်ရာသက်ရောက်မှုများကို စူးစမ်းလေ့လာခြင်းဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ကဏ္ဍမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များရဲ့ အခွင့်အရေးတွေကိုကာကွယ်ခြင်းနဲ့ အွန်လိုင်းနဲ့နည်းပညာဆိုင်ရာ ကျားမအခြေပြုအကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ရဲ့ အရေးပါမှုကို မီးမောင်းထိုးပြခြင်းပဲဖြစ်ပါတယ်။

အမျိုးသမီးများနဲ့ထိခိုက်လွယ်တဲ့ အုပ်စုများကို နည်းပညာလက်လှမ်းမီရရှိစေခြင်းဟာ အမျိုးသမီးများရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို ကျားမတန်းတူညီမျှမှုကို ပိုမိုမြှင့်တင်ပေးဖို့အတွက် အသိပညာနဲ့ ဆန်းသစ်တီထွင်မှုများကို ပေးနိုင်တဲ့ အလားအလာကောင်းတွေကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။နည်းပညာကဏ္ဍမှာအမျိုးသမီးများပါဝင်နိုင်မှုမရှိခြင်းဟာ ကုန်ကျစရိတ်ပိုမိုများပြားစေပါတယ်။ UN Women's Gender Snapshot 2022 အစီရင်ခံစာအရ ဒစ်ဂျစ်တယ်ကမ္ဘာကနေ အမျိုးသမီးတွေကိုဖယ်ထုတ်ခြင်းဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်အတွင်း ဝင်ငွေနိမ့်ကျတဲ့နိုင်ငံများနဲ့ အလယ်အလတ်ဝင်ငွေရှိတဲ့နိုင်ငံများရဲ့ ပြည်တွင်းထုတ်ကုန်စုစုပေါင်း တန်ဖိုးရဲ့ အမေရိကန်ဒေါ်လာ တစ်ထရီလီယံကိုဆုံးရှုံးခဲ့ကြောင်း သိရပါတယ်။ အဲဒီကိစ္စအပေါ် ဘယ်လိုဆောင်ရွက်ချက်မှလုပ်မပေးနိုင်ဘူးဆိုရင် ၂၀၂၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံထိ ဆုံးရှုံးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ဒီလိုမဖြစ်စေဖို့အတွက် အွန်လိုင်းအကြမ်းဖက်မှုပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်မှာဖြစ်ပြီး နိုင်ငံပေါင်း ၅၁ နိုင်ငံရဲ့လေ့လာမှုတစ်ခုအရ အမျိုးသမီး ၃၈ ရာခိုင်နှုန်းဟာ အွန်လိုင်းအကြမ်းဖက်မှုများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရကြောင်းနဲ့ ကိုဗစ်-၁၉ ကာလအတွင်း အွန်လိုင်းပေါ်မှာ အချိန်ပိုမိုသုံးစွဲခဲ့တဲ့အမျိုးသမီးတွေအနေနဲ့ အွန်လိုင်းနဲ့ သတင်းအချက်အလက်နည်းပညာဆိုင်ရာများမှာ အကြမ်းဖက်ခံရမှုတိုးမြင့်လာကြောင်း လေ့လာမှုအစီရင်ခံစာမှာ ဖော်ပြထားတာတွေ့ရှိရပါတယ်။

ဒါပေမဲ့ တစ်ဖက်မှာတော့ ဒစ်ဂျစ်တယ်နည်းပညာတိုးတက်ပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာတဲ့အခွင့်အလမ်းများဟာ ကျားမဆိုင်ရာမညီမျှမှုတွေကိုဆက်လက်တည်မြဲစေနိုင်တာကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ကြောင်းနဲ့ ဒစ်ဂျစ်တယ်ဆိုင်ရာ ကျားမခွဲခြားမှုရဲ့ ရလဒ်အနေနဲ့ အမျိုးသမီးများနောက်ကျကျန်ရစ်ခဲ့မှုနဲ့အတူ နည်းပညာလက်လှမ်းမီရရှိမှုနဲ့ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ Video Message ဖြင့် အဖွင့်အမှာစကားပြောကြားစဉ်။

များမှာ ကျားမရေးရာမညီမျှမှုများဟာ မြင့်မားလျက်ရှိတာကိုလည်း အဆိုပါလေ့လာမှုစစ်တမ်းမှာ ဖော်ပြထားတာတွေ့ရှိရတဲ့အတွက် ဒီအချက်တွေကိုသတိထားကြဖို့လိုအပ်ကြောင်း မှာကြားလိုပါတယ်။

ကျားမတန်းတူညီမျှရေးအတွက် နိုင်ငံအလိုက်ဘယ်လိုပဲအမျိုးသမီးအခွင့်အရေးကို ပြည့်ဝအောင်ဆောင်ရွက်ပေးနေတယ်၊အမျိုးသမီးတွေဟာ အခွင့်အရေးတွေတန်းတူညီမျှရနေတယ်ဆိုပေမဲ့ နိုင်ငံအလိုက်သတ်မှတ်ထားတဲ့ယဉ်ကျေးမှုတွေ၊ ကျင့်သုံးနေကြတဲ့အစဉ်အလာရိုးရာဓလေ့ထုံးစံတွေအရ ကျားမတန်းတူညီမျှရေးမှာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး ပြောင်းလဲခြင်းမပြုနိုင်သေးတဲ့အတားအဆီးတွေလည်း ရှိနေဆဲပဲဖြစ်တယ်ဆိုတာအားလုံးအသိပဲဖြစ်ပါတယ်။

သတင်းအချက်အလက်နည်းပညာခေတ်(Information Age) ကာလဟာ ၁၉၉၀ ပြည့်နှစ်ကစခဲ့တာဖြစ်ပြီး ကွန်ပျူတာနည်းပညာနဲ့အတူ သိပ္ပံနဲ့နည်းပညာနဲ့ သတင်းအချက်အလက်နည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတာကြောင့် ကဏ္ဍအသီးသီးမှာ များစွာအထောက်အပံ့ပြုနေတာကို တွေ့မြင်နိုင်မှာလည်းဖြစ်ပါတယ်။ မျက်မှောက်ခေတ်မှာ ဒစ်ဂျစ်တယ်နည်းပညာလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှု၊ ကျယ်ပြန့်စွာ ချိတ်ဆက်အသုံးပြုလာမှုတို့ကြောင့် ဒစ်ဂျစ်တယ်နည်းပညာများကနေတစ်ဆင့် သတင်းအချက်အလက်များရရှိခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အလမ်းများရရှိခြင်း၊ အသိပညာဗဟုသုတများလေ့လာသင်ယူနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများစွာရရှိနိုင်ပြီး လူတွေရဲ့နေ့စဉ်ဘဝတွေမှာ များစွာအထောက်အကူပြုစေပါတယ်။ ဒီလိုနည်းပညာဆိုင်ရာအကျိုးကျေးဇူးများကိုရရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီကို ကျားမတန်းတူညီမျှစွာ အရောက်လှမ်းနိုင်ဖို့အတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဒစ်ဂျစ်တယ်အသိပညာဆိုင်ရာ ကျားမရေးရာ အလေးထားချဉ်းကပ်မှုနဲ့ မြှင့်တင်ဆောင်ရွက်ဖို့၊ နည်းပညာလက်လှမ်းမီရရှိဖို့နည်းပညာဆိုင်ရာလေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးဖို့လည်းလိုအပ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနက မကြာသေးမီက ရေးဆွဲထားရှိတဲ့ **"သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၇)"**ရဲ့ အခန်း(၅) **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာကဏ္ဍ"** မဏ္ဍိုင်(၁) **"အခွင့်အလမ်းနှင့် လူတိုင်းအကျုံးဝင်မှု"**မှာ ကျားမရေးရာထည့်သွင်းဆောင်ရွက်ထားတဲ့မူဝါဒကို ရေးဆွဲထားတာတွေ့ရှိရမှာဖြစ်ပါတယ်။ အဆိုပါ မဟာဗျူဟာစီမံကိန်းကို နိုင်ငံတော်ရဲ့မူဝါဒနဲ့အညီ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(National Comprehensive Development Plan-NCDP)နဲ့ ချိတ်ဆက်ရေးဆွဲထားတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာဖွံ့ဖြိုးမှုသင်တန်းများနဲ့ နည်းပညာမြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းသားများခေါ်ယူရာမှာ သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီပါက ကျားမခွဲခြားမှုမရှိဘဲ တန်းတူညီမျှတဲ့ အခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ နည်းပညာတက္ကသိုလ်တွေနဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ အမျိုးသမီးတက်ရောက်မှုရာခိုင်နှုန်းဟာ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်ထိ ၄၀ ရာခိုင်နှုန်းသာ တက်ရောက်ခဲ့ပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ ၄၈ ရာခိုင်နှုန်းတက်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။

အမျိုးသမီးများအနေနဲ့ နည်းပညာလက်လှမ်းမီရရှိပြီး ဒီဂျစ်တယ်နည်းပညာကျွမ်းကျင်တဲ့ငွေကြေးဆိုင်ရာဝန်ဆောင်မှုတွေကို လက်လှမ်းမီအသုံးပြုနိုင်မယ်ဆိုရင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပိုမိုလုပ်ကိုင်လာနိုင်မှာဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်မှာဖြစ်တာကြောင့် မိမိတို့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးသက်ရောက်လာစေမှာဖြစ်ပါတယ်။

ဆန်းသစ်တဲ့နည်းပညာများ တိုးတက်လာခြင်းဟာ ကောင်းကျိုးတွေကိုဖြစ်ပေါ်လာစေသလို တစ်ဖက်မှာလည်း နည်းပညာကိုအသုံးပြုပြီး အမျိုးသမီးများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ၊ အွန်လိုင်းကနေတစ်ဆင့် နှောင့်ယှက်မှုများ၊ခြိမ်းခြောက်မှုများ၊အွန်လိုင်းကနေတစ်ဆင့် အကြမ်းဖက်မှုများနဲ့ ရာဇဝတ်လုပ်ငန်းများလုပ်ကိုင်ရန် အတင်းအကျပ်ခိုင်းစေမှုတို့လည်းရှိနေဆဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများရဲ့ ၈၆ ရာခိုင်နှုန်းခန့်မှာ အနည်းဆုံးလက်ကိုင်ဖုန်းတစ်လုံးပိုင်ဆိုင်ပြီး အင်တာနက်အသုံးပြုမှုနဲ့ပတ်သက်ပြီးတော့လည်း တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများရဲ့ ၅၆ ရာခိုင်နှုန်းဟာ အိမ်မှာ အင်တာနက်အသုံးပြုလျက်ရှိပြီး မြို့ပြမှာ ၇၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ကျေးလက်မှာ ၄၈ ဒသမ၈ ရာခိုင်နှုန်းရှိတာကိုတွေ့ရှိရပါတယ်။၂၀၁၉ ခုနှစ်ရဲ့ နောက်ပိုင်းကာလတွေမှာ ဒီရာခိုင်နှုန်းထက် ပိုမိုများလာနိုင်မယ်လို့ ခန့်မှန်းရနိုင်ပါတယ်။ ယနေ့ခေတ်မှာ ကျောင်းနေတဲ့ အရွယ်ကစပြီး ကလေးတိုင်းဟာ လက်ကိုင်ဖုန်းကိုကိုင်တွယ်ရင်းနှီးနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ကလေး၊ လူငယ်၊ အမျိုးသမီးငယ်ရွယ်အများစုဟာ လက်ကိုင်ဖုန်းအသုံးပြုကြရာမှာ ကောင်းမွန်တဲ့အကျိုးရလဒ်ရနိုင်တာရှိသလို သုံးတဲ့နည်းလမ်းမှားရင်လည်းအန္တရာယ်ရှိပြီး အကျိုးကျေးဇူးမရှိနိုင်တာကိုသတိထားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ဖုန်းအသုံးပြုခြင်းကနေတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဗဟုသုတများကိုရှာဖွေရာမှာ လမ်းကြောင်းမမှားစေရေးသင်ကြားပေးဖို့ မိဘ၊ဆရာများနဲ့ အုပ်ထိန်းသူလူကြီးသူမများမှာ တာဝန်ရှိသလို သတင်းမီဒီယာများကနေတစ်ဆင့် အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒါမှသာနိုင်ငံအတွက် မှန်ကန်တဲ့လူ့စွမ်းအားအရင်းအမြစ် ပေါ်ထွက်လာပြီး ပိုမိုပြည့်စုံကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အာဆီယံဒေသတွင်းမှာလည်း အင်တာနက်ကနေတစ်ဆင့် မိန်းကလေးငယ်များအပါအဝင် ကလေးသူငယ်များအပေါ် နည်းမျိုးစုံနဲ့ အမြတ်ထုတ်မှု၊အလွဲသုံးမှုတို့မှ ကာကွယ်စောင့်ရှောက်ရေးအာဆီယံဒေသလုံးဆိုင်ရာလုပ်ငန်းစီမံချက်ကိုရေးဆွဲထားပြီးဖြစ်ပါတယ်။

အမျိုးသမီးတွေအနေနဲ့ အခွင့်အရေးများကို တန်းတူရရှိနိုင်စေရန်နဲ့ ခွဲခြားဆက်ဆံမှုများပပျောက်စေဖို့အတွက် နိုင်ငံတကာမှာချမှတ်ထားတဲ့ ကွန်ဗင်းရှင်းတွေကိုကြည့်မယ်ဆိုရင်လည်း ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှာ ကုလသမဂ္ဂအထွေထွေညီလာခံကအတည်ပြုခဲ့တဲ့ **"အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"** **(Convention on the Elimination of All forms of Discrimination Against Women-CEDAW)**မှာ အမျိုးသမီးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားရှိပြီး နိုင်ငံတစ်နိုင်ငံရဲ့ ပြီးပြည့်စုံတဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ကမ္ဘာကြီးတစ်ခုလုံးသာယာဝပြောရေးနဲ့ငြိမ်းချမ်းရေးကို တည်ဆောက်ပေးတဲ့အကြောင်းတရားများရရှိဖို့အတွက် နယ်ပယ်အားလုံးမှာ အမျိုးသားများနဲ့တန်းတူ အမျိုးသမီးများရဲ့ ပါဝင်မှုကို တိုးမြှင့်နိုင်သလောက်တိုးမြှင့်ပေးဖို့ လိုအပ်ကြောင်း ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ **"အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"** ကိုအတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်တွေကို အလေးအနက်ထားအကောင်အထည်ဖော်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအစီရင်ခံစာအရ အိမ်ထောင်စုလူဦးရေ ၅၄ ဒသမ ၉ သန်းမှာ အမျိုးသား ၄၆ ဒသမ ၈ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒီကိန်းဂဏန်းအရ အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်စေမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးမှာ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ အမျိုးသားတန်းတူပါဝင်ခွင့်ရရှိရေးနဲ့အမျိုးသမီးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကဏ္ဍပေါင်းစုံပါဝင်တဲ့ **"အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း"** (၂၀၁၃-၂၀၂၂)ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းဟာ ၂၀၂၂ ခုနှစ်မှာ သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်တာကြောင့်(၂၀၂၃-၂၀၃၂)မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲရေးအတွက် ဦးဆောင်ကော်မတီနဲ့ လုပ်ငန်းကော်မတီ ၁၂ ရပ်ဖွဲ့စည်းပြီး စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။မဟာဗျူဟာစီမံကိန်းအသစ်ရေးဆွဲရာမှာ ပြောင်းလဲတိုးတက်လာတဲ့ ခေတ်မီနည်းပညာများကိုအခြေခံပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံမှာ ကျားမတန်းတူညီမျှရေး၊ အမျိုးသမီးများစွမ်းပကားမြင့်မားစေရေး၊ ကျေးလက်၊ မြို့ပြကွာဟမှုမရှိစေရေးတို့ကို အလေးထားဦးတည်ပြီး ကောင်းမွန်ပြည့်စုံတဲ့ မဟာဗျူဟာစီမံကိန်းတစ်ခုဖြစ်ရေးဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးကရေးဆွဲထားတဲ့ စီမံကိန်းများနဲ့ ချိတ်ဆက်ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက်

**စာမျက်နှာ ၂၀ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ လုပ်ငန်းလည်ပတ်မှုဆိုင်ရာညွှန်ကြားရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) လုပ်ငန်းလည်ပတ်မှုဆိုင်ရာညွှန်ကြားရေးမှူး Mr. Martin Schuepp ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) လုပ်ငန်းလည်ပတ်မှုဆိုင်ရာညွှန်ကြားရေးမှူး Mr. Martin Schuepp ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ယာယီနေရပ်စွန့်ခွာသူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်နိုင်ရေး၊ ICRC အဖွဲ့မှ ဆောင်ရွက်ပေးသည့် အကူအညီများအား အကူအညီအမှန်တကယ်လိုအပ်သူများထံသို့ ရောက်ရှိရေးအတွက် စိစစ်ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်သည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်ဆိုင်းထားသည့် အကျဉ်းကျခံနေရသူများနှင့် အကျဉ်းကျခံနေရသူများ၏ မိသားစုဝင်များ တွေ့ဆုံခွင့် ပြန်လည်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ခိုင်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းတို့ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ လုပ်ငန်းလည်ပတ်မှုဆိုင်ရာညွှန်ကြားရေးမှူးနှင့်အတူ ICRC Regional Director for Asia and the Pacific, Ms. Christine Cipolla၊ ICRC Resident Representative, Ms. Elean Ajmone Sessera တို့လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုတ်တန်းလမ်းမှ ရတနာ့ဂူလမ်းထိ နိုင်လွန်ကတ္တရာ လမ်းသစ်ဖွင့်ပွဲနှင့် ပလိပ်-တံတားဦးလမ်း လမ်းအဆင့်မြှင့်တင်ခြင်း လမ်းဖွင့်ပွဲအခမ်းအနားများကျင်းပ



**မန္တလေး မတ် ၈**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်း-မန္တလေးလမ်း (ပုတ်တန်းလမ်းမှ ရတနာ့ဂူလမ်းထိ) နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပလိပ်-တံတားဦးလမ်း လမ်းအဆင့်မြှင့်တင်ခြင်း လမ်းဖွင့်ပွဲအခမ်းနားကို ယနေ့ နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ၊ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်း-မန္တလေးလမ်း(ပုတ်တန်းလမ်းမှ ရတနာ့ဂူလမ်းထိ) နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်မည့် မုခ်ဦးနေရာသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက အကျယ် ၃၆ ပေနှင့် အရှည် ၁၇၀၀၂ ပေရှိ နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ စဥ့်ကိုင်မြို့နယ် ပလိပ်-တံတားဦးလမ်း လမ်းအဆင့်မြှင့်တင်ခြင်း လမ်းဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဒေသခံမြို့မိမြို့ဖများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပနေသည့် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့သွားရောက်ကာ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် စာမေးပွဲဖြေဆိုမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းသူများ၏ တေးသရုပ်ဖော် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကာ တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများ လက်မှုလူသုံးကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။

**မျိုးကျော်**

**စာမျက်နှာ ၁၉ မှအဆက်**

မိမိတို့နဲ့သက်ဆိုင်တဲ့ လုပ်ငန်းကော်မတီများအလိုက် တက်တက်ကြွကြွနဲ့ ဦးဆောင်ပါဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့ လူမျိုးအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသားများနဲ့ တန်းတူရင်ပေါင်တန်းပါဝင်ခဲ့တဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုတွေကို ဂုဏ်ယူလျက်လေးစားအသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသမီးများနဲ့ မိန်းကလေးငယ်တွေအနေနဲ့ အစဉ်အလာအရ တွေ့ကြုံနေရတဲ့အခက်အခဲအတားအဆီးတွေ၊ တွေ့ကြုံရတဲ့စိန်ခေါ်မှုတွေကိုကျော်လွှားနိုင်ဖို့အတွက် လိုအပ်နေတဲ့မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေအသစ်တွေရေးဆွဲဖို့လိုအပ်သလို တည်ဆဲဥပဒေများအနေနဲ့ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များအတွက် ဥပဒေအရ ပိုမိုထိရောက်စွာကာကွယ်ပေးရန် လိုအပ်ချက်တွေရှိတယ်ဆိုရင်လည်း လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင်ပြင်ဆင်မှုတွေကိုလည်း ဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောကြားလိုတာကတော့ ဒီနေ့ခေတ်ဟာ အသိပညာအခြေပြုတဲ့ ခေတ်ဖြစ်သလို နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသိပညာကြွယ်ဝတဲ့လူသားအရင်းအမြစ်များရဲ့အခန်းကဏ္ဍဟာလည်းအဓိကကျပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံလူဦးရေရဲ့ထက်ဝက်ကျော်ကိုကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့ အားကောင်းတဲ့လူသားအရင်းအမြစ်တွေဖြစ်ကြပါတယ်။

အမျိုးသမီးအများစုဟာ သားသမီးများရဲ့မိခင်များဖြစ်ကြသလို ကျောင်းသား၊ ကျောင်းသူများရဲ့လက်ဦးဆရာများလည်းဖြစ်ကြတဲ့အတွက် နိုင်ငံရဲ့အနာဂတ်လူငယ်များပြုစုပျိုးထောင်ရေးမှာ အလွန်အရေးပါသူများ၊ အဓိကကျသူများဖြစ်ကြပါတယ်။ ဒီလိုအဖိုးတန်တဲ့လူသားအရင်းအမြစ်တွေကို ကျေးလက်မြို့ပြမှာဟ ချက်နည်းပြီး ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်တို့ရဲ့စွမ်းရည်ကိုအသုံးချနိုင်ဖို့နဲ့ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ **"ကျားမတန်းတူညီမျှဖို့ နည်းပညာနဲ့ဆန်းသစ်ရို့"** ဆောင်ပုဒ်နဲ့အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်တဲ့ အနာဂတ်တစ်ခုရရှိဖို့ တီထွင်ဆန်းသစ်တဲ့ နည်းပညာများနဲ့အတူ **အမျိုးသမီးများအားလုံးအနေဖြင့် အမျိုးသားများနှင့်တန်းတူ** အကျိုးဝင်ပါဝင်ခွင့်ရရှိရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ AHA Center တို့မှ ကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်လေ့လာ



စစ်တွေ မတ် ၈

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center)မှ ကိုယ်စားလှယ်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ စစ်တွေမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ခရီးစဉ်တွင်လိုက်ပါလာသည့် သံတမန်လေ့လာရေးအဖွဲ့မှ ကိုယ်စားလှယ်များကို ပြည်နယ်အစိုးရအဖွဲ့ဧည့်ဂေဟာ၌ တွေ့ဆုံ၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရှင်းလင်းရာတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Pilot Project အရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး အခြေအနေနှင့်ပြည်နယ်အတွင်းရှိ IDP စခန်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ရောက်ရှိကြရာ စခန်းတာဝန်ခံက စခန်းအတွင်း ပြန်လည်လက်ခံနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြန်လည်လက်ခံရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ် ငါးခူရ အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းသင်ခန်းစာများကို အဆင်ပြေချောမွေ့စွာ သင်ကြားနိုင်ရန်အတွက် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် ကျောင်းသင်ခန်းစာများ သင်ကြားပို့ချနေမှုနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လူမှုဘဝရပ်တည်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် အခြေခံအပ်ချုပ်သင်တန်းနှင့် ဇာထိုးချည်ထိုးသင်တန်းတွင် သင်ကြားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငါးခူရ ပြန်လည်လက်ခံရေးစခန်းမှ ဆက်လက်ထွက်ခွာကြရာ လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ရောက်ရှိကြပြီး စခန်းအတွင်း ပြန်လည်လက်ခံရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်လံကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ရှိ သဲချောင်းဈေး၊ ဒါးပိုင် IDP စခန်းနှင့် သက္ကေပြင် IDP စခန်းတို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆေးအဖွဲ့က ရမ်းဗြဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် မတ် ၈

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများသည် ယနေ့တွင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မျက်စိခွဲစိတ်ကုသပြီးသော ဒေသခံပြည်သူများကို ဆေးရုံရေယာဉ်ပေါ်၌ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်မှန်များတပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါလူနာများကို ကျောက်နီမော်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကျောက်နီမော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၄၆ ဦးကို ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၆ ဦး၊ ခွဲစိတ်ရောဂါ ၅၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၃၅ ဦး၊ အရိုးရောဂါ ၂၂၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၃ ဦး၊ မျက်စိရောဂါ ၁၅၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ တစ်ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၄၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ လေးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူတစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ဆရာဝန်တွေနဲ့ တစ်ခါမှမပြဖူးပါဘူး၊ တစ်နှစ်လောက်ရှိပြီ မပြရတာ၊ အခုသင်္ဘောမှာ လုံလုံခြုံခြုံနဲ့ပြခဲ့ရပါတယ်။ ဆရာဝန်နဲ့ပြကြည့်တော့ ခွဲရမယ်ဆိုလို့ ခွဲလိုက်ရတယ်။ အခုလိုခွဲလိုက်တော့ အမြင်အာရုံလည်း တော်တော်လေးကောင်းသွားပါတယ်။ အရင်ကထက်ပိုပြီး ရှင်းရှင်းလင်းလင်းမြင်ရပါပြီ။ ကျွန်တော်နဲ့အတူတူလာပြတဲ့သူတွေကို လိုက်ပြီးမေးကြည့်တော့ သူတို့လဲတော်တော်လေးအဆင်ပြေတယ်လို့ ပြောကြပါတယ်။ အခု ကျွန်တော့်ဘေးနားမှာပါလာတဲ့ ကျွန်တော့်အစ်ကိုကြီးတစ်ယောက်ကလည်း အမြင်အာရုံတွေ တော်တော်လေးကောင်းမွန်လာတယ်လို့ပြောပါတယ်။ အရောင်တွေကိုလည်း အရင်ကထက်ပိုပြီး ရှင်းရှင်းလင်းလင်း မြင်လာရတယ်လို့ပြောပါတယ်။ တော်တော်လေး အခြေအနေကောင်းသွားပါတယ်လို့လဲပြောပါတယ်။ ကျွန်တော်တို့ခွဲစိတ်ပြီးတဲ့နောက်မှာ ရှောင်ရမယ့်အစားအသောက်တွေကိုလဲ သေသေချာချာပြောပြပါတယ်။ ဘယ်လိုဟာတွေမလုပ်ရဘူး၊ ဘာတွေလုပ်ရမယ်ဆိုတာကိုလဲ သေသေချာချာ မှာလိုက်ပါတယ်။ အခုဆိုရင် အရင်ကထက်ပိုပြီး အများကြီးကောင်းသွားပါပြီ။ ကျွန်တော့်အသက်က ၆၇ နှစ်ရှိပါပြီ။ ဒီလိုအခွင့်အရေးမျိုး တစ်ခါမှမကြုံဖူးပါဘူး။ အခုတစ်ခါကြုံရတာနဲ့ အတော်လေးဝမ်းသာသွားတယ်။ လူတွေကလဲ တော်တော်လေးဝမ်းသာကြတယ်။ မျက်စိရောဂါသမားတွေအတွက် ဒီနေရာမှာ ဆရာဝန်မရှိပါဘူး။ အခုလို အခမဲ့လာရောက်ကုသပေးတဲ့အတွက် အကြီးအကျယ်ဝမ်းသာနေကြပါတယ်။ နောက်လည်း အခုလိုမျိုးလာရောက်ကုသပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ အခုလိုမျိုး ကိုယ့်ရဲ့ရပ်ရွာကို အရောက်လာရောက်ကုသပေးတဲ့အတွက် ပြောလို့မကုန်အောင်ဝမ်းသာပါတယ်။ နောက်ထပ်လည်း အခုလိုမျိုးလာရောက်ကုသပေးဖို့အတွက် အထူးပင်တောင်းဆိုချင်ပါတယ်။ အခုလည်း ထမင်းကအစ အချိုရည်ထိ ဘာမှလိုလေသေးမရှိအောင် စီစဉ်ပေးထားပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က ကိုယ့်နယ်ကလူတွေကို မိမိမှာရှိနေတဲ့ရောဂါတွေကို လာရောက်ပြသကြပါ၊ အကုန်လုံးအဆင်ပြေပါတယ်လို့ ဖုန်းဆက်ပြီးပြောခဲ့ပါတယ်။ အခုလည်းတော်တော်များများ လာရောက်ကုသနေကြပါပြီ။ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ကျွန်တော်တို့ရဲ့ ရောဂါဝေဒနာတွေ ပျောက်ကင်းအောင် အခုလိုမျိုး လာရောက်ကုသပေးဖို့ စီစဉ်ပေးတဲ့အတွက် နောင်ဘဝအဆက်ဆက် အကျိုးထူးအကျိုးမြတ်တွေခံစားရပါစေလို့ ဆုတောင်းပေးပါတယ်။ ကျေးဇူးလည်းအထူးတင်ပါတယ်။ နောင်လည်း အခုလိုမျိုးလာရောက်ကုသပေးဖို့အတွက် ဆောင်ရွက်ပေးပါလို့ တောင်းဆိုချင်ပါတယ်" ဟုဒေသခံတစ်ဦးကပြောပြသည်။




"လူနာစာရင်းဇယားတွေကို အကုန်စီစဉ်ဆောင်ရွက်ပေးရပါတယ်၊ အခုလိုမျိုး လူနာတွေကို တကူးတက လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ရွာသူရွာသားတွေအနေဖြင့်လည်း စေတနာမေတ္တာရှေ့ထားပြီး ကူညီဆောင်ရွက်လုပ်ကိုင်ပေးတာပါ၊




အခုလိုလာရောက်ပေးပြီး အခမဲ့ကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ ဒီလိုလာရောက်ကုသပေးတာ ပထမဆုံးအကြိမ်ဖြစ်ပြီး ကုသပေးတဲ့သူတွေကလည်း အခမဲ့ကုသပေးတဲ့အပြင် စည်းစနစ်တကျကုသပေးတဲ့အတွက် တစ်ရွာလုံးလည်း ဝမ်းသာကြပါတယ်၊ အခုလိုဆေးကုသဖြစ်အောင် စီစဉ်ပေးသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း တစ်ရွာလုံးကိုယ်စား အထူးတလည်ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦးကပြောပြသည်။

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ




**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့က အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**နေပြည်တော် မတ် ၈**

၂၀၂၃ ခုနှစ် မတ် ၈ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၏ ဇနီး ဒေါ်ဥမ္မာမြင့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့ဝင်များ၏ ဇနီးများ၊ ဥပဒေရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ဒုတိယစာရင်းစစ်ချုပ်၊မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းနှင့်မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

**(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အဖွင့်အမှာစကားကို စာမျက်နာ ၁၉ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအခွင့်အရေးမြှင့်တင်ဖော်ဆောင်မှုနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံအမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ အမျိုးသမီးကဏ္ဍ ထူးချွန်ဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းနှင့် အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ အမျိုးသမီးကဏ္ဍ ထူးချွန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လူမှုဝန်ထမ်းဦးစီးဌာနက ရေးဆွဲပြုစုထားသည့် အကြမ်းဖက်ခံရသူအမျိုးသမီးများအတွက် လုံခြုံမှုပေးနိုင်သောယာယီနားခိုရာစင်တာစီမံခန့်ခွဲမှု လုပ်ငန်းလမ်းညွှန်စာအုပ်ကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုယ်စား ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဂုဏ်ထူးဆောင်နာယကများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ကောင်စီအတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့ဝင်များ၏ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

# လောက်ကိုင်မြို့နယ်နှင့် မလှိုင်မြို့နယ်တို့ရှိ ကျေးရွာများမှ သံဃာတော်များ၊ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် မန်ကျူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၂၈ ဦးတို့ကို အဆိုပါကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မှရိုးကျေးရွာအုပ်စုအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၇၃၅ ဦးတို့ကို အဆိုပါမြို့နယ်ရှိ မှရိုးတိုက်နယ်ဆေးရုံ၌လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ ဆေးကုသရေးအဖွဲ့များက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ တစ်ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**



☆ **ကျောဖုံးမှအဆက်**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၌ စာရင်းရှိကျောင်းသား၊ ကျောင်းသူ ၁၈၁ ဦးတွင် ဖြေဆိုသူ ၁၇၁ ဦး၊ လယ်ဝေးမြို့နယ်ရှိ စာစစ်ဌာန ၁၀ ခု၌ စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၄၇၇ ဦးတွင် ဖြေဆိုသူ၁၃၄၄ ဦး၊ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာနခြောက်ခု၌ စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၅၃ ဦးတွင် ဖြေဆိုသူ ၉၀၁ ဦး၊ ပျဉ်းမနားမြို့နယ်ရှိ စာစစ်ဌာန လေးခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၂၇၆ ဦးတွင် ဖြေဆိုသူ ၁၁၆၆ ဦး၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၉၈၆ ဦးတွင် ဖြေဆိုသူ ၉၀၃ ဦး၊ ဇေယျာသီရိမြို့နယ်ရှိ စာစစ်ဌာန လေးခုတွင် စာရင်းရှိ ကျောင်းသား၊ကျောင်းသူ ၈၄၆ ဦးတွင် ဖြေဆိုသူ ၇၅၈ ဦး၊ ဥတ္တရသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၃၇၄ ဦးတွင် ဖြေဆိုသူ ၃၄၉ ဦး၊ တပ်ကုန်းမြို့နယ်ရှိ စာစစ်ဌာန နှစ်ခုတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၉၂၅ ဦးတွင် ဖြေဆိုသူ ၈၄၁ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၆၄၃၃ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဖြေဆိုသည့်ရာခိုင်နှုန်းအနေဖြင့် ၉၀ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲများကို ဖြေဆိုလျက်ရှိရာ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် စာဖြေဆိုသူ စာရင်းသွင်းအရေအတွက်မှာ ခရိုင် ၁၂၄ ခရိုင်၊ မြို့နယ် ၃၀၉ မြို့နယ်၊ စာစစ်ဌာန ၈၆၃ ဌာနတို့တွင် စာရင်းရှိ ဦးရေမှာ ၁၇၉၈၄၃ ဦးရှိခဲ့ပြီး လာရောက်ဖြေဆိုသူဦးရေမှာ ၁၆၁၈၅၁ ဦးရှိခဲ့ရာ ဖြေဆိုရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့်အပြင်များတွင် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုပြီး မတ် ၉ ရက် ကြာသပတေးနေ့တွင် အင်္ဂလိပ်စာဘာသာရပ်နှင့် မတ် ၁၀ ရက် သောကြာနေ့တွင် သင်္ချာဘာသာရပ်ကို ဖြေဆိုကြရမည်ဖြစ်၍ မတ် ၁၁ ရက် စနေနေ့နှင့် မတ် ၁၂ ရက် တနင်္ဂနွေနေ့တို့ကို ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်းသိရသည်။

ဆက်လက်ပြီး မတ် ၁၃ ရက် တနင်္လာနေ့တွင် ဓာတုဗေဒဘာသာရပ်၊ မတ် ၁၄ ရက် အင်္ဂါနေ့တွင် ရူပဗေဒဘာသာရပ်၊မတ် ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင် ဇီဝဗေဒဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်၊မတ် ၁၆ ရက် ကြာသပတေးနေ့တွင် ပထဝီဝင်ဘာသာရပ်၊ မတ် ၁၇ ရက် သောကြာနေ့တွင် သမိုင်းဘာသာရပ်နှင့် မတ် ၁၈ ရက်စနေနေ့တွင် စိတ်ကြိုက်မြန်မာစာ စသည်ဖြင့် အသီးသီး ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများပြန်လည်ပေးဆပ်ရမည့်ကာလကို သက်တမ်း တစ်နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် ( ၁ / ၂၀၂၃)**

၂၀၂၃ ခုနှစ် မတ်လ ၈ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို သက်တမ်း တစ်နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း တစ်ရာခိုင်နှုန်း) သတ်မှတ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှစတင်၍ ချေးငွေများခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်က ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်ထိ ကုမ္ပဏီ၊ လုပ်ငန်းစုစုပေါင်း ၈၇၉ ခု၊ ချေးငွေပမာဏ ကျပ် ၁၃ ဒသမ ၁၃၂၅ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသဖြင့် အစောဆုံးထုတ်ပေးခဲ့သည့် ချေးငွေရရှိသူများသည် ချေးငွေသက်တမ်းကာလ ပြည့်မြောက်ပြီး ပြန်လည်ပေးဆပ်ရမည့်ကာလ စေ့ရောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများထပ်မံရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည် ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ် သက်တမ်း တိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ကုမ္ပဏီ၊ လုပ်ငန်း ၈၇၉ ခုအနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း တစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ် ထပ်မံတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အတိုးများအား ကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ပြီးဖြစ်ရပါမည်၊

(ခ) ချေးငွေအား ရည်ရွယ်ချက်အတိုင်းထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ လုပ်ငန်းဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့တွင် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၈၅၁ ဦးရှိ

**နေပြည်တော် မတ် ၈**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၈၅၁ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြား စာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၅၈ ခု စာစစ်ဌာန စုစုပေါင်း ၈၆၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၇၉၈၄၃ ရှိပြီး စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၆၁၈၅၁ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၉၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**အခြေခံပညာဦးစီးဌာန**

**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ဖြေဆိုသူစာရင်း**

ဘာသာရပ်-မြန်မာစာ

ရက်စွဲ၊ ၈ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေ အတွက် | မြို့နယ် အရေ အတွက် | စာစစ်ဌာန အရေ အတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၂ | ၁၄၀၈ | ၈၉၁၉ | ၁၀၃၂၇ | ၁၃၆၄ | ၈၁၆၉ | ၉၅၃၃ | ၄၄ | ၇၅၀ | ၇၉၄ | ၉၂.၃၁% | ၇.၆၉% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၂၅၉ | ၇၃၆ | ၉၉၅ | ၂၅၁ | ၆၇၀ | ၉၂၁ | ၈ | ၆၆ | ၇၄ | ၉၂.၅၆% | ၇.၄၄% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၆၇၈ | ၂၁၇၃ | ၂၈၅၁ | ၆၂၁ | ၁၉၁၉ | ၂၅၄၀ | ၅၇ | ၂၅၄ | ၃၁၁ | ၈၉.၀၉% | ၁၀.၉၁% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၆၅၁ | ၂၈၁၀ | ၃၄၆၁ | ၅၈၀ | ၂၂၄၄ | ၂၈၂၄ | ၇၁ | ၅၆၆ | ၆၃၇ | ၈၁.၅၉% | ၁၈.၄၁% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၂ | ၁၆၆၄ | ၉၈၀၂ | ၁၁၄၆၆ | ၁၅၆၈ | ၈၃၇၀ | ၉၉၃၈ | ၉၆ | ၁၄၃၂ | ၁၅၂၈ | ၈၆.၆၇% | ၁၃.၃၃% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၁၁၀၀ | ၃၂၀၃ | ၄၃၀၃ | ၁၀၄၂ | ၂၈၆၅ | ၃၉၀၇ | ၅၈ | ၃၃၈ | ၃၉၆ | ၉၀.၈၀% | ၉.၂၀% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၂၇၃ | ၅၇၀၈ | ၆၉၈၁ | ၁၂၂၆ | ၅၀၉၆ | ၆၃၂၂ | ၄၇ | ၆၁၂ | ၆၅၉ | ၉၀.၅၆% | ၉.၄၄% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၁၂၀၉ | ၅၄၄၀ | ၆၆၄၉ | ၁၁၆၃ | ၄၉၁၀ | ၆၀၇၃ | ၄၆ | ၅၃၀ | ၅၇၆ | ၉၁.၃၄% | ၈.၆၆% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၇၇၆ | ၁၂၈၈၃ | ၁၃၆၅၉ | ၇၅၉ | ၁၁၆၆၂ | ၁၂၄၂၁ | ၁၇ | ၁၂၂၁ | ၁၂၃၈ | ၉၀.၉၄% | ၉.၀၆% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၉၄၈ | ၂၀၀၆၄ | ၂၄၀၁၂ | ၃၈၄၅ | ၁၈၂၂၅ | ၂၂၀၇၀ | ၁၀၃ | ၁၈၃၉ | ၁၉၄၂ | ၉၁.၉၁% | ၈.၀၉% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၅၇၇ | ၄၆၄၃ | ၆၂၂၀ | ၁၄၉၃ | ၄၂၇၅ | ၅၇၆၈ | ၈၄ | ၃၆၈ | ၄၅၂ | ၉၂.၇၃% | ၇.၂၇% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၀ | ၄၀၈ | ၁၈၈၈၂ | ၁၉၂၉၀ | ၃၉၂ | ၁၆၅၃၆ | ၁၆၉၂၈ | ၁၆ | ၂၃၄၆ | ၂၃၆၂ | ၈၇.၇၆% | ၁၂.၂၄% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၃ | ၁၈၉၆ | ၂၄၉၁၈ | ၂၆၈၁၄ | ၁၈၆၂ | ၂၁၉၄၅ | ၂၃၈၀၇ | ၃၄ | ၂၉၇၃ | ၃၀၀၇ | ၈၈.၇၉% | ၁၁.၂၁% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၈၉၇ | ၆၇၀၈ | ၈၆၀၅ | ၁၈၄၃ | ၅၉၇၇ | ၇၈၂၀ | ၅၄ | ၇၃၁ | ၇၈၅ | ၉၀.၈၈% | ၉.၁၂% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၁၀၂၁ | ၂၆၂၄ | ၃၆၄၅ | ၉၆၆ | ၂၄၅၉ | ၃၃၂၅ | ၅၅ | ၂၇၅ | ၃၃၀ | ၉၀.၉၅% | ၉.၀၅% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၅၅ | ၁၁၆၆ | ၁၃၂၁ | ၁၄၉ | ၁၀၀၂ | ၁၁၆၁ | ၆ | ၁၅၄ | ၁၆၀ | ၈၇.၈၉% | ၁၂.၁၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၇ | ၇၈၀၆ | ၁၄၃၀၉ | ၂၂၁၁၅ | ၇၃၇၂ | ၁၂၆၈၇ | ၂၀၀၅၉ | ၄၃၄ | ၁၆၂၂ | ၂၀၅၆ | ၉၀.၇၀% | ၉.၃၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၆၉၁၆ | ၇၁၁၈ | ၂၀၀ | ၆၂၃၃ | ၆၄၃၃ | ၂ | ၆၈၃ | ၆၈၅ | ၉၀.၃၈% | ၉.၆၂% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၁၁ | ၁၁ | | ၁၁ | ၁၁ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၄ | ၃၀၉ | ၈၆၃ | ၂၇၉၂၈ | ၁၅၁၉၁၅ | ၁၇၉၈၄၃ | ၂၆၆၉၆ | ၁၃၅၁၅၅ | ၁၆၁၈၅၁ | ၁၂၃၂ | ၁၆၇၆၀ | ၁၇၉၉၂ | ၉၀.၀၀% | ၁၀.၀၀% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## မတ် ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် မတ် ၈**

မတ် ၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၇၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၄၉ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၀၄၄၂၆ ဦး |

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဆုရရှိသူကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ အမျိုးသမီးနှင့် ကလေးများ ဘဝမြှင့်တင်ရေးအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဗီဒီယိုဖြင့်ပြသသည်။ ထို့နောက် မူကြိုကလေးငယ်များ၊အမျိုးသမီးသင်တန်းကျောင်းများနှင့် အသင်းအဖွဲ့များမှ အမျိုးသမီးများက မြန်မာ့သိုင်းများ၊ Fitness Dance များဖြင့် သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများနှင့် အာဆီယံအားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အမျိုးသမီးများ ဘဝလုံခြုံရေးဝိုင်းဝန်းကူညီဆောင်ရွက်ပေး အသိပညာပေးဆွေးနွေးပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလားတူ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ရော်ဝတီတိုင်းဒေသကြီး ဗုသိမ်မြို့ရှိ ရော်ဝတီခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးများရေးရာကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။



ရော်ဝတီတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၈**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရသေ့တောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များတွင် ဆောင်ရွက်ထားရှိသော ဥစားကြက်မွေးမြူရေးခြံ၊ DYL ဝက်မွေးမြူရေးခြံများ၊ အသားတိုးကြက်မွေးမြူရေးခြံများ၊ ဆိတ်မွေးမြူရေးခြံ၊ ဒေသန္တားမွေးမြူရေးခြံ၊ ဆောင်းသီးနှံစိုက်ပျိုးရေးခြံများနှင့် ဖီးကြမ်းငှက်ပျော စိုက်ပျိုးရေးခြံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေး စိမ်းမြရောပန်းခြံအနီး အမှတ်(၃၂၈)တွင်ပါတီရုံးချုပ်တည်ရှိသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ**[Kachin State People's Party (KSPP)]က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၇-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]၏အလံပုံစံ



ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]၏တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း


၁။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် အမှတ်(၂၃/၁၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)**[LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၈-၃-၂၀၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)[LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] ၏ အလံပုံစံ



လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)[LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] ၏ တံဆိပ်ပုံစံ



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဆရာကြီးမဟာဆွေ၏ တို့မေမေဝတ္ထု

**ပုသိမ်အောင်သန်းဦး**

မောင်အင်းနှင့်မောင်သစ်တို့သည် သူတစ်ပါး၏ ပစ္စည်းများကို နည်းမျိုးစုံဖြင့် မတရားရယူလိုသူများဖြစ်သည်။ မောင်အင်းတို့၏ ဘေးဘိုးစဉ်ဆက်တို့သည်လည်း ဤကဲ့သို့သော လူမျိုးများသာဖြစ်ခဲ့ကြသည်။ ထို့ကြောင့် မောင်အင်းနှင့် မောင်သစ်တို့သည် မောင်ပေါနှင့်ရှင်မာမာတို့ပိုင်ပစ္စည်းများကို မတရားရယူလိုချင်နေကြသည်။

ထိုသို့သောအခြေအနေတွင် မောင်ပေါနှင့် မောင်သစ်တို့သည် စီးပွားရေးလုပ်ရန် စာချုပ်ချုပ်ဆိုကြမည်ဟူသော သတင်းကို မောင်အင်းကြားသိသည်။ ထိုအခါ မောင်အင်းသည် မောင်ပေါပိုင်ပစ္စည်းများကို အမြန်သိမ်းပိုက်နိုင်ရန် ကြိုးစားတော့သည်။ ညစာစားပွဲတစ်ခု၌ မောင်အင်းသည် မောင်ပေါအား အဆိပ်ခတ်ကာ သတ်လိုက်သည်။ ထို့နောက် ရှင်မာမာကို မောင်အင်းက သိမ်းပိုက်လိုက်သည်။

ရှင်မာမာကို မောင်အင်းလက်ထပ်ယူစဉ်က ရှင်မာမာတွင် သားငါးယောက်ရှိသည်။ မောင်ရိုး၊ မောင်ထိုင်း၊ မောင်နု၊ မောင်ညာဏ်ကြီးနှင့် မောင်မျိုးညွန့်တို့ဖြစ်ကြသည်။

မောင်အင်းသည် သူ့မယားပါသားများ ပညာတတ်လာလျှင် သူ့ကို ဆန့်ကျင်ကြမည်စိုး၍ စာကောင်းကောင်းသင်မပေးခဲ့ပေ။ ကြီးပြင်းလာသောအခါတွင်လည်း တစ်စုတစ်ဝေးတည်းအတူမနေစေဘဲ ကိုရိုး၊ ကိုထိုင်း၊ ကိုညာဏ်ကြီးတို့ကို စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်တို့တွင် သီးခြားနေစေသည်။ ကိုနုမှာ ညီငယ်မျိုးညွန့်ကို စောင့်ရှောက်ရန်ဟူသော အကြောင်းပြချက်ဖြင့် မိခင်ရှင်မာမာနှင့်အတူ နေခွင့်ရသည်။

ဦးအင်းသည် သူ၏ မယားကြီးဘက်ကပါလာသော သားများကိုကား ကုန်သည်လမ်းရှိ တိုက်ကြီးတွင် နေစေ၏။ ကလေးများအရွယ်ရောက်လာကြသောအခါ ဦးအင်းသည် ရှင်မာမာပိုင်ပစ္စည်းများကို မလိမ့်တပတ်ဖြင့် သူ့သားများပိုင်ပစ္စည်းများအဖြစ် လွှဲပြောင်းယူလိုက်သည်။

ဝတ္ထုဇာတ်လမ်းမှာ သာမန်အားဖြင့် မိသားစုတစ်စု၏ အမွေပြဿနာတွင် မျိုးညွန့်နှင့် ရှမ်းပြည်နယ်မှ စောလုံ၏သမီး ခင်စောဦးတို့၏ အချစ်ဇာတ်လမ်း၊ ဦးအင်းက ခင်စောဦးနှင့် မျိုးညွန့်တို့ကိုခွဲကာ သူ့သား မောင်လူဝနှင့် ခင်စောဦး လက်ထပ်ပေးရန် ကြိုးစားမှုများနှင့် မျိုးညွန့်ကိုသေကြောင်းကြံကာ သတ်ဖြတ်ရန် အမျိုးမျိုးဖန်တီးပုံများကို ဖော်ပြထားသည်။

မျိုးညွန့်၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ဦးအင်း၏ လုပ်ငန်းခွင်အသီးသီး၌ အလုပ်သမားများ ဆူပူလှုပ်ရှား အကြမ်းဖက်မှုများပေါ်လာသည်။ နောက်ဆုံးတွင် ဦးအင်းမှာ လက်လျှော့လိုက်ရကာ မတရားသိမ်းပိုက်ထားသော အမွေများကို မျိုးညွန့်တို့ညီအစ်ကိုလက်သို့ ပြန်လည်ပေးအပ်လိုက်ရသည့် ဇာတ်လမ်းဖြစ်သည်။

တို့မေမေဝတ္ထုနှင့်ပတ်သက်ပြီး ဆရာမလိခက ဤသို့ မှတ်ချက်ချခဲ့သည်။

"တို့မေမေသည် သာမန်အားဖြင့် ဖတ်ရှုပါမူ အိမ်ထောင်တစ်ခု၏ အမွေပြဿနာတွင် အချစ်ဇာတ်လမ်းယှက်နွယ်ထားသော ဝတ္ထုတစ်ပုဒ်မျှဟု ယူဆစရာရှိသည်။ စင်စစ်သော်ကား တို့မေမေသည် ဖော်ပြပါ အိမ်ထောင်ရေးအမွေကိစ္စ သာမန်အချစ်ဇာတ်လမ်းဖွဲ့ဝတ္ထုအနေနှင့်ကား ဘာမျှတန်ဖိုးရှိသော ဝတ္ထုမဟုတ်ပေ။ ထူးခြားသောဝတ္ထုဟူ၍လည်း ဆိုနိုင်စရာအကြောင်းမရှိပေ။ သို့သော် မြန်မာစာပေတွင် ဝတ္ထု၏ အခန်းကဏ္ဍကို ဖော်ပြမည်ဆိုပါမူ "တို့မေမေ"ကို ရှေ့တန်းကထား၍ ဖော်ပြရပါမည်။ တို့မေမေဝတ္ထုသည် မြန်မာ့သမိုင်းတွင်အခြေခံကာ မြန်မာနိုင်ငံရေးလမ်းကြောင်းကိုခင်းပေးခဲ့သော ဝတ္ထုဖြစ်လေသည်။ ဝတ္ထု၏ အဓိကဇာတ်လမ်းကျောရိုးအဖြစ် အင်္ဂလိပ်နယ်ချဲ့လက်အောက်သို့ ရောက်ရှိခဲ့ရသော မြန်မာနိုင်ငံအခြေအနေနှင့် မြန်မာတို့၏ လွတ်လပ်ရေးတိုက်ပွဲဝင်လမ်းကြောင်းကို ရှေးရှုဖော်ပြကာ လွတ်လပ်ရေးတိုက်ပွဲကို လှုံ့ဆော်သော ထိုအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲလမ်းကြောင်းတွင် "ထက်မြက်သော လက်နက်ကောင်းတစ်ခုပေတည်း"ဟူ၍ မှတ်ချက်ချထားသည်ကို တွေ့ရသည်။

> ❖ တို့မေမေဝတ္ထုသည် မြန်မာ့သမိုင်းတွင်အခြေခံကာ မြန်မာနိုင်ငံရေးလမ်းကြောင်းကိုခင်းပေးခဲ့သော ဝတ္ထုဖြစ်လေသည်။ ဝတ္ထု၏ အဓိကဇာတ်လမ်းကျောရိုးအဖြစ် အင်္ဂလိပ်နယ်ချဲ့လက်အောက်သို့ ရောက်ရှိခဲ့ရသော မြန်မာနိုင်ငံအခြေအနေနှင့် မြန်မာတို့၏ လွတ်လပ်ရေးတိုက်ပွဲဝင်လမ်းကြောင်းကို ရှေးရှုဖော်ပြကာ လွတ်လပ်ရေးတိုက်ပွဲကို လှုံ့ဆော်သော ထိုအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲလမ်းကြောင်းတွင် "ထက်မြက်သော လက်နက်ကောင်းတစ်ခုပေတည်း"ဟူ၍ မှတ်ချက်ချထားသည်ကို တွေ့ရသည်။ ❖

ဝတ္ထုပါဇာတ်ကောင်များကို လေ့လာကြည့်သောအခါ မြန်မာ့နိုင်ငံရေးတွင် အဓိကပတ်သက်နေသော ဇာတ်ကောင်များဖြစ်ကြသည်ကို တွေ့ရသည်။

ဦးအင်းသည် အင်္ဂလိပ်၊ ဦးသစ်သည် မြင်သစ်၊ ဦးပေါသည် သီပေါမင်း၊ ရှင်မာမာသည် မြန်မာနိုင်ငံဖြစ်သကဲ့သို့ ကိုရိုး၊ ကိုထိုင်း၊ ကိုညာဏ်ကြီး၊ ကိုနု၊ မျိုးညွန့်တို့ကား ထိုစဉ်က မြန်မာနိုင်ငံအတွင်းရှိ အမျိုးသားအင်အားစုများကို ကိုယ်စားပြုထားသူများဖြစ်ကြောင်း သိထားသည်။

တို့မေမေဝတ္ထုသည် ၁၉၃၅ ခုနှစ်က ထွက်ပေါ်ခဲ့သည့် ဝတ္ထုဖြစ်သည်။ ဝတ္ထုထွက်ချိန်သည် အမျိုးသားရေးလှုပ်ရှားမှုများ တက်ကြွအားကောင်းနေသည့် ကာလဖြစ်သည်။ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်၊ ၁၉၃၈-၃၉ ခုနှစ် ၁၃၀၀ ပြည့်အရေးတော်ပုံတို့၏ ရှေ့ပြေးလမ်းခင်းလမ်းပြပြုထားသည့် ဝတ္ထုအဖြစ် "တို့မေမေ"ကို မှတ်တမ်းတင်နိုင်သည်။

တို့မေမေဝတ္ထု၏ လှုံ့ဆော်ပေးမှုသည် ကုလားဗမာ အဓိကရုဏ်းအရေးအခင်း၊ ၁၃၀၀ ပြည့်အရေးတော်ပုံများသို့ပင် ရိုက်ခတ်ခဲ့ကြောင်း သတိပြုမိသည်။ ဝတ္ထုထဲတွင် ဗြိတိသျှအစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးကို တွေ့မြင်နိုင်သလို လွတ်လပ်ရေးအတွက် မည်သို့တိုက်ပွဲဝင်ရမည်ဟူသော စာရေးဆရာ၏ သဘောထားကို မြင်နိုင်ပေသည်။

ဆရာမလိခက တို့မေမေဝတ္ထုအပေါ် ဤသို့ မှတ်ချက်ပြုထားပြန်သည်။

"နောင်အခါ၌ ကျောင်းသားခေါင်းဆောင် အောင်ကျော်သည် "တို့မေမေ"ဝတ္ထုက အဓိကဇာတ်ကောင် မျိုးညွန့်ကို စံပြုလာခဲ့သည်အထိပင်"တို့မေမေ"၏ ဩဇာသည် အမျိုးသားရေးလှုပ်ရှားမှု၌ ဩဇာသက်ရောက်ခဲ့သည်"ဟု မှတ်ချက်ပြုခဲ့သည်။

ဝတ္ထုထဲတွင် အမျိုးသားနိုင်ငံရေး၌ ကိုထိုင်းလို ဘုမသိဘမသိသမား၊ ကိုညာဏ်ကြီးလို "ရသမျှယူ၊ တဆင့်တက်"ဟူသော အယူအဆသမားများကို မျိုးညွန့်ကဲ့သို့ တိုက်ပွဲဝင်သမားနှင့် ယှဉ်ပြထားသည်။

ဝတ္ထုတွင် ရှမ်းမလေးခင်စောဦးနှင့် မြန်မာအမျိုးသား မျိုးညွန့်တို့၏ အချစ်ဇာတ်လမ်းလေးကို ထည့်ထားသည်ကို တွေ့ရသည်။ စာရေးဆရာကြီး မဟာဆွေက ပြည်ထောင်စုစိတ်ဓာတ်ကို သရုပ်ဖော်လို၍ ဤအချစ်ခန်းကိုထည့်ထားခြင်းဖြစ်သည်။ ဆရာကြီး၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုသွေးစည်းရေးနှင့် နယ်ချဲ့သမား၏ ပြည်ထောင်စုဖြိုခွဲရေးကို သတိပြုမိစေရန် ဝတ္ထုကြောင်းတွင် ထည့်သွင်းဖွဲ့ပြထားခြင်းဖြစ်သည်။

ချုပ်၍ဆိုရသော် "တို့မေမေ"ဝတ္ထုသည် အမျိုးသားရေး၊ လွတ်လပ်ရေးနှင့် ပြည်ထောင်စုရေးအတွက် လေးစားတန်ဖိုးထားအပ်သော ဝတ္ထုကြီးတစ်ပုဒ်ဖြစ်သည်။ ဆရာကြီးမဟာဆွေကား ခေတ်ရှေ့ဆောင်စာရေးဆရာကြီးတစ်ဦးအဖြစ် ဂုဏ်ပြုထိုက်သူတစ်ဦးလည်းဖြစ်သည်။

ဆရာကြီးမဟာဆွေသည် သူပုန်ကြီး (၁၉၃၆)၊ သူပုန်အိမ် (၁၉၃၉)၊ "ပျို့တောင်ပြုံး"၊ "စနေဂြိုဟ်" တို့ကိုလည်း ရေးသားခဲ့သည်။ ပျို့တောင်ပြုံးဝတ္ထုမှာ နတ်ကိုးကွယ်မှုအယူအဆကို ဆန့်ကျင်ထားပြီး "စနေဂြိုဟ်"မှာ မြင်းပွဲလောင်းကစားခြင်းတို့ကို ဆန့်ကျင်ထားသည်။

"ဈေးချိုသူ"ဝတ္ထုကား သာသနာသန့်ရှင်းရေးအတွက် အကျင့်ပျက်ရဟန်းများကို သရော်ထားသည်။ ထို့ပြင် နေသူရိန်မကြောက်တရား ဆောင်းပါးများကိုလည်း ထုတ်ဝေခဲ့သည်။

"ကိုးသန်းရှင်"ဝတ္ထုမှာ မြန်မာစီးပွားရေးလောကကို အထောက်အကူပြုဝတ္ထုဖြစ်ပြီး (၁၉၄၅) ခုနှစ်က ထုတ်ဝေခဲ့သည်။ "မောင်တို့ပြည် မယ်တို့ပြည်" ဝတ္ထုကြီးမှာ ရှေ့ခေတ်နှစ်တစ်ရာကို မျှော်မှန်းရေးသားခဲ့သည့် ဝတ္ထုဖြစ်သည်။

ဆရာကြီးသည် သတင်းစာဆရာကြီး "ဖိုးဝဇီရ" အတ္ထုပ္ပတ္တိနှင့် မိမိကိုယ်တိုင်ရေး "မဟာဆွေ၏မဟာဆွေ"အတ္ထုပ္ပတ္တိစာအုပ်များကိုလည်း ရေးသားခဲ့သည်။ ထိုစဉ်က စာရေးဆရာများလက်တွန့်နေခဲ့ကြသည့် အချစ်ပြဿနာ၊ လိင်ပြဿနာတို့ကိုလည်း မဟာဆွေ၏ "အချစ်ပြဿနာ"မစိတ်၊ ကလေးမဖြစ်ထွေစာအုပ်များတွင် တွေ့မြင်ရသည်။

ဆရာကြီး၏ စောရသက်ပြင်း (စုံထောက်ဝတ္ထု)သည်လည်း ထင်ရှားခဲ့သည်။ ဆရာကြီးသည် ကျောင်းဆရာဘဝ၊ နိုင်ငံရေးသမားဘဝမှ စာရေးဆရာဘဝသို့ ကူးပြောင်းလာခဲ့ပြီး ၁၉၅၃ ခုနှစ် ဩဂုတ် ၅ ရက်တွင် ကွယ်လွန်ခဲ့သည်။

**ကိုးကား**

**မလိခ၏ မြန်မာဝတ္ထုအညွန်း(အမှတ်၁-၂)**

# မိုးညှင်းမြို့နယ် ရွှေကျင်ကုန်း(မြဇေယျာကွင်း)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးညှင်း မတ် ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ရွှေကျင်ကုန်း(မြဇေယျာကွင်း)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းမြို့နယ် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကို၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရွှေကျင်ကုန်း (မြဇေယျာကွင်း) ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ရွှေကျင်ကုန်း (မြဇေယျာကွင်း)ကျေးရွာ၌ လယ်ယာကုန်ထုတ်လမ်းအရှည် နှစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၈၆ ဒသမ ၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Zabhudate ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။



**သက်မာ**

# ကိုလံဘီယာနိုင်ငံတွင် ရေနံပိုက်လိုင်းတချို့ တိုက်ခိုက်ခံရမှုကြောင့် ရေနံယိုစိမ့်မှုဖြစ်ပေါ်သဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိလာ



**ဘိုဂိုတာ မတ် ၈**

ကိုလံဘီယာနိုင်ငံ ဘာရန်ကာဘာမီဂျာမြို့အနီးရှိ နိုင်ငံတော်အစိုးရပိုင်ကုမ္ပဏီမှ ရေနံပိုက်လိုင်းတချို့တိုက်ခိုက်ခံခဲ့ရပြီး ရေနံယိုစိမ့်မှုဖြစ်ပေါ်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု 9News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေနံပိုက်လိုင်းတိုက်ခိုက်သည့်တရားခံများကို ဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်းနှင့် စုံစမ်းဖော်ထုတ်ရန် အာဏာပိုင်အဖွဲ့အစည်းက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“မတ် ၇ ရက်မှာ ကုမ္ပဏီပိုင်ရေနံပိုက်လိုင်းတချို့ တိုက်ခိုက်ဖျက်ဆီးခံခဲ့ရပါတယ်။ ရေနံပိုက်လိုင်းပျက်စီးသွားတဲ့အတွက် ရေနံယိုစိမ့်မှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ တိုက်ခိုက်ခံခဲ့ရတဲ့ ရေနံပိုက်လိုင်းတွေကို ယာယီပိတ်ထားပါတယ်။ ရေနံပိုက်လိုင်းအပြင် ရေဓာတ်ခန်းခြောက်နေတဲ့သစ်ပင်ကြီးတွေဆီကို ရေပေးဝေနေတဲ့ ရေပိုက်လိုင်းလဲပျက်စီးသွားပါတယ်။ တိုက်ခိုက်ဖျက်ဆီးသူတွေကို ရဲတပ်ဖွဲ့က ဖော်ထုတ်ဖို့ကြိုးစားနေပါတယ်။ ဒီလိုတိုက်ခိုက်ခံခဲ့ရပေမဲ့လဲ ရေနံတူးဖော်နေတဲ့လုပ်ငန်းကို အနှောင့်အယှက်မဖြစ်စေပါဘူး။ ရေနံယိုစိမ့်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးထိခိုက်မှုတွေရှိခဲ့ပါတယ်။ ဖျက်ဆီးခံခဲ့ရတဲ့ ရေနံပိုက်လိုင်းအနီး မီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်” ဟု Ecopetrol ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ရှိ အရပ်ဘက်အရာရှိများကို ရေလွှမ်းမိုးမှုထိန်းချုပ်ရေး သင်တန်းပို့ချသွားမည်

**တိုကျို မတ် ၈**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ ပံ့ပိုးကူညီမှုဖြင့် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ရှိ အရပ်ဘက်အရာရှိများကို ရေလွှမ်းမိုးမှုထိန်းချုပ်ရေးသင်တန်း ပို့ချပေးသွားမည်ဖြစ်ပြီး မေလအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း JICA က မတ် ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု The Hindu သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ တမီးလ်နာဒူပြည်နယ် ရေဘေးအန္တရာယ်လျှော့ချနိုင်ရေးအတွက် မြို့တော်နယ်နိမိတ်အတွင်း ရေလွှမ်းမိုးမှုထိန်းချုပ်ရေး Maste Plan ပြင်ဆင်မှုနှင့်ပတ်သက်၍ သင်တန်းကိုပြည်နယ်သဘာဝဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီ၊ ပြည်နယ်ရေအရင်းအမြစ်ဌာန၊ ချန်နိုင်းမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့နှင့် Greater Chennai ကော်ပိုရေးရှင်းတို့က ပူးပေါင်းအကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

တမီးလ်နာဒူ ပြည်နယ်တွင် ရာသီဥတုဖောက်ပြန်မှု၊ မြို့ပြနေထိုင်မှုစနစ်များ၏ အကျိုးသက်ရောက်မှုတို့ကြောင့် ရေကြီးခြင်း၊ မုန်တိုင်းများကျရောက်ခြင်း များပြားလာကာ မြို့တွင်းရေကြီးမှုထိန်းချုပ်ရေးကို အဓိကစီမံကိန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ချန်နိုင်းမြို့တော်ဒေသသည် ၁၉၄၃၊ ၁၉၇၆၊ ၁၉၈၅၊ ၁၉၉၈၊ ၂၀၀၂၊ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ကြီးမားသောရေကြီးရေလျှံမှုများဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုကြောင့် လူ ၂၈၉ ဦးသေဆုံးပြီး အိမ်ခြေငါးသိန်း ရေနစ်မြုပ်ခဲ့ကာ လျှပ်စစ်နှင့်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများပြတ်တောက်ခြင်း၊ လေကြောင်း၊ ရထားလမ်းများနှင့်ကားလမ်းများ သွားလာမှုရပ်တန့်ခဲ့ရပြီး အစိုးရနှင့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းအများအပြား ပျက်စီးခဲ့ရကြောင်း သိရသည်။

ထိုသို့ဖြစ်ရခြင်းမှာ မြို့တော်အတွင်း ရေကြီးရေလျှံမှုထိန်းချုပ်ရေးအတွက် ပြည့်စုံသောစီမံချက်မရှိခြင်းကြောင့်ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

AZH

# နယူးဆောက်ဝေးပြည်နယ် အနောက်အလယ်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့် ရောက်ရှိ

**ကင်ဘာရာ မတ် ၈**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် အနောက်အလယ်ပိုင်းတွင် မတ် ၆ ရက်မှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အဆိုပါ တောမီးလောင်ကျွမ်းမှုသည် မတ် ၇ ရက်မှစကာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ရောက်ရှိခဲ့ကြောင်း နယူးဆောက်ဝေးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် မတ် ၇ ရက် ညပိုင်းတွင် အခြေအနေအနည်းငယ်ကျဆင်းခဲ့ပြီဖြစ်ကြောင်း နယူးဆောက်ဝေးပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ထားသော်လည်း ယနေ့အစောပိုင်းတွင် တောမီးလောင်ကျွမ်းမှု အခြေအနေပြန်လည်မြင့်တက်လာသဖြင့် အန္တရာယ်ရှိသည့်အဆင့်သို့ရောက်ရှိခဲ့ကြောင်း၊ တောမီးအဓိကလောင်ကျွမ်းနေသော ဧရိယာများမှာ တမ်ဘာရိုရာဧရိယာနှင့် အယ်လ်ဖာဒေသတို့ဖြစ်ကြောင်း သိရသည်။

“တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ဖို့ လုပ်နိုင်သမျှအရာအားလုံးကို လုပ်ဆောင်ပေးနေပါတယ်။ တောမီးအမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ လေယာဉ်သုံးစင်း အသုံးပြုထားသလို တောမီးကိုမြေပြင်ကနေငြှိမ်းသတ်နေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေကို ထိရောက်တဲ့ညွှန်ကြားမှုပြုလုပ်နိုင်ဖို့အတွက် ရဟတ်ယာဉ်တွေနဲ့ လိုက်ပါညွှန်ကြားလျက်ရှိပါတယ်” ဟု နယူးဆောက်ဝေးပြည်နယ်မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မစ္စတာရော်ဂျာက ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၅၀၀၀ ကျော်ထိ ပျက်စီးမှုနှုန်းမြင့်မားခဲ့ကြောင်း၊ တောမီးထိန်းချုပ်နိုင်ရန် ပြင်ဆင်ကြိုးပမ်းရာတွင် တောမီးလောင်ကျွမ်းမှုကို နေအိမ်များဆီ ကူးစက်မှုမရှိစေရေး အဓိကဦးစားပေးနေသည်ဟု နယူးဆောက်ဝေးပြည်နယ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# ဗန်ကောက်မြို့တော်တွင် လေထုညစ်ညမ်းမှု မြင့်တက်သဖြင့် မြို့တော်တွင်းနေထိုင်သူများ ပြင်ပသွားလာမှုများရှောင်ရှားရန် တိုက်တွန်း

**ဗန်ကောက် မတ် ၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်တွင် လေထုညစ်ညမ်းမှုအခြေအနေမြင့်တက်နေသဖြင့် မြို့တော်တွင်းနေထိုင်သူများအနေဖြင့် အတတ်နိုင်ဆုံး ပြင်ပသွားလာမှုများမှရှောင်ရှားရန် ဗန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့မှ တိုက်တွန်းထားကြောင်း မတ် ၇ ရက်က ထုတ်ပြန်ချက်အရ သိရသည်ဟု The Straits Times သတင်းဌာနက မတ် ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ဗန်ကောက်မြို့တော် လေထုအရည်အသွေး စောင့်ကြည့်ရေးစခန်းများ၏ အချက်အလက်များအရ မြို့တော်အတွင်းရှိ PM 2.5 အမှုန်အမွှားအဆင့်သည် မြို့တော်ဧရိယာ ၆၉ နေရာတွင် တစ်ကုဗပေလျှင် ၆၁ မှ ၉၃ မိုက်ခရိုဂရမ်ထိရှိနေပြီး မိုက်ခရိုဂရမ် ၅၀ နှင့်အထက်ပါဝင်ပါက ရေရှည်ထိတွေ့သူများအနေဖြင့် အဆုတ်နှင့် နှလုံးပြဿနာများအပါအဝင် နာတာရှည် ရောဂါများအတွက် အန္တရာယ်မကင်းဟု ယူဆရကြောင်း သိရသည်။

ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း ပြည်နယ်များတွင် လယ်မြေများနှင့် သစ်တောများခုတ်ထွင်မီးရှို့မှုများကြောင့် မီးခိုးမြူများဖြစ်ပေါ်ရခြင်းဖြစ်ကြောင်းနှင့် သဘာဝဥယျာဉ်တောရိုင်းတိရစ္ဆာန်နှင့် အပင်ထိန်းသိမ်းရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ တော်ဝင်သစ်တောဦးစီးဌာန တာဝန်ရှိသူများနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက မီးလောင်ကျွမ်းမှုများကို ထိန်းချုပ်ရန် ကြိုးစားလျက်ရှိကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr Jatuporn Buruspat က ပြောကြားခဲ့ကြောင်း သိရသည်။

ဗန်ကောက်မြို့တော် အနီးတစ်ဝိုက်ရှိ ပြည်နယ်များတွင် နောက်နှစ်ရက်ထိ မီးခိုးမြူများ ဖုံးလွှမ်းနေဦးမည်ဖြစ်ပြီး အထူးသဖြင့် နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ် ၃၆ ခုတွင် မီးခိုးမြူညစ်ညမ်းမှုပမာဏအဆင့်ထက် ကျော်လွန်လျက်ရှိကြောင်း သိရသည်။

AZH

# ဂျာမနီနိုင်ငံ၌ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်နိုင်ခြင်းမရှိပါက ၂၀၅၀ ပြည့်နှစ်တွင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုမြင့်မားဖွယ်ရှိ

**ဘာလင် မတ် ၈**

ဂျာမနီနိုင်ငံ၌ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားနေပြီး ရာသီဥတုဖောက်ပြန်မှုကို အချိန်မီ ထိန်းချုပ်နိုင်ခြင်းမရှိပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် သဘာဝဘေးအန္တရာယ်များကြောင့် ဂျာမနီနိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုမြင့်မားလာဖွယ်ရှိနေကြောင်း ဂျာမနီအခြေစိုက် ဂေဟဗေဒစီးပွားရေး သုတေသနစင်တာက ထုတ်ပြန်ခဲ့သည်ဟု BT သတင်းဌာနက မတ် ၇ ရက်က ရေးသားဖော်ပြခဲ့သည်။

သုတေသီများ၏ ခန့်မှန်းတွက်ချက်မှုအရ သဘာဝဘေးအန္တရာယ်ကြောင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပျက်စီးဆုံးရှုံးမှုနှုန်းမှာ ယူရို ဘီလီယံ ၉၀၀ ထိ မြင့်တက်လာနိုင်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားသင့်ကြောင်း၊ ထို့ပြင် ရေထုညစ်ညမ်းမှုနှင့် လေထုညစ်ညမ်းမှုပြဿနာများကို လျှော့ချနိုင်ရေးအတွက်လည်း ဦးစားပေးဆောင်ရွက်သွားသင့်သလို ၂၀၄၅ ခုနှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် အလေးထားဆောင်ရွက်သွားသင့်ကြောင်းလည်း သုတေသီများက တိုက်တွန်းခဲ့သည်။

“လက်ရှိဖြစ်ပေါ်နေတဲ့ ရာသီဥတုဖောက်ပြန်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေမြင့်မားနေတယ်။ ဒီပုံစံအတိုင်းဆိုရင် ၂၀၅၀ ပြည့်နှစ်ရောက်ရင် ပျက်စီးဆုံးရှုံးမှုတန်ကြေးဟာ ယူရို ဘီလီယံ ၉၀၀ လောက်ထိရှိသွားနိုင်တယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကို ပိုမိုအလေးထား ဆောင်ရွက်သွားသင့်တယ်”ဟု ဂေဟဗေဒစီးပွားရေးသုတေသနစင်တာက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ဧရာဝတီတိုင်းဒေသကြီးမှ ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် တန်ချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပုသိမ် မတ် ၈**

ဧရာဝတီတိုင်းဒေသကြီးမှ ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် တန်ချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဧရာဝတီတိုင်းဒေသကြီး ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇန်နဝါရီလက ငါးခြောက်မျိုးစုံတန်ချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဖေဖော်ဝါရီလတွင် ငါးခြောက်မျိုးစုံတန်ချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးခြောက်များ ဝယ်ယူမှုအားကောင်းခဲ့ခြင်းသည် နွေကာလ အလှူအတန်း ပြုလုပ်သူများ ဝယ်ယူမှုများပြားနေခြင်းနှင့် သင်္ကြန်ကာလ စားသုံးရန် ဝယ်ယူနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"တပေါင်းလ၊ တန်ခူးလတွေက အခြားလတွေထက် အလှူအတန်းများတယ်။ အလှူအတန်းကာလတွေမှာ ဧရာဝတီတိုင်းဒေသကြီးက ငါးခြောက်တွေကို ရန်ကုန်ဘက်က အသုံးပြုတာများတယ်။ အရင်နှစ်တွေက အရောင်းအဝယ် မဖြစ်ပါဘူး။ အခုနှစ် အရောင်းအဝယ်တွေဖြစ်နေလို့ ဧရာဝတီတိုင်းဒေသကြီးက ငါးခြောက်မျိုးစုံကို ရန်ကုန်ဘက်ကို တစ်လနဲ့ တစ်လ ပိုမိုတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ရန်ကုန်ဘက်က ဖေဖော်ဝါရီလ ပထမပတ်လောက်ကနေစပြီး ဝယ်ယူမှုက သိသိသာသာကို တက်လာတာ။ ငါးပိ၊ ငါးခြောက်လုပ်ငန်းမှာ ဝယ်ယူမှုအားကောင်းရင် ကောင်းသလို တင်ပို့အားကောင်းရင် ကောင်းသလို ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင်တွေကော အပြင် လုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သူဇာမြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးရံ့ခြောက်၊ ငါးကွမ်းရှပ်၊ ငါးလိပ်ကျောက်၊ ငါးဖောင်ရိုး၊ ပင်လယ်ငါးပြေမ၊ ငါးနီတူ၊ ငါးပုတ်သင်၊ ပင်လယ်ငါးမြွေထိုး စသည့် ငါးခြောက်များ အများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးခြောက်ဈေးနှုန်းများသည် ငါးရံ့ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၇၅၀၀၀ ထိနှင့် ငါးကွမ်းရှပ်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၊ ငါးလိပ်ကျောက်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၀၊ ငါးဖောင်ရိုးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၊ ငါးပုတ်သင်ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀၀၊ ပင်လယ်ငါးပြေမခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀၀၊ ငါးနီတူခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀၊ ငါးမြွေထိုးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး မတ် ၈**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုစေရန်အတွက် သံတောင်ကြီးမြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျောင်းကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၂၂ ဒသမ ၈၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၃ ဦးကို ငွေကျပ် ၄၅ ဒသမ ၄၉ သန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား...

❖ MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများချေးငှားပေးရန် အဆင်သင့်ရှိ...

**(အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

စာမျက်နှာ - ၁၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ လုပ်ငန်းလည်ပတ်မှုဆိုင်ရာညွှန်ကြားရေးမှူး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

စာမျက်နှာ - ၂၀



# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတင်ဖြေဆို

**နေပြည်တော် မတ် ၈**

၂၀၂၂-၂၀၂၃ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် စတင်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို **စာမျက်နှာ ၂၂ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

